PRIO

Independent • International • Interdisciplinary

PRIO PAPER

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး အလားအလာများ: အခွင့်အလမ်း နှင့် ခြိမ်းခြောက်မှုများ အက်ရှ်လေဆောက်ဒ်

# Prospects for Peace in Myanmar: Opportunities and Threats



Ashley South

Peace Research Institute Oslo (PRIO)
PO Box 9229 Grønland, NO-0134 Oslo, Norway
Visiting Address: Hausmanns gate 7

Centre for the Study of Civil War (CSCW)
Peace Research Institute Oslo (PRIO)
PO Box 9229 Grønland, NO-0134 Oslo, Norway
Visiting Address: Hausmanns gate 7

ISBN: 978-82-7288-494-8

The Ayeyarwady River, Myanmar.
Photo: Espen Skran

Prospects for Peace in Myanmar: Opportunities and Threats

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး အလားအလာများ: အခွင့်အလမ်း နှင့် ခြိမ်းခြောက်မှုများ

အက်ရှ်လေဆောက်ဒ်

Ashley South

ဤ PRIO စာတမ်းကို မြန်မာနိုင်ငံ နိုင်ငံရေး အပြောင်းအလဲ နှင့် ယင်း၏ တိုင်းရင်းသား ပဋိပက္ခများအပေါ် အကျိုးသက်ရောက်မှုကို လေ့လာသုံးသတ်သည့် PRIO စီမံချက်၏ အစိတ်အပိုင်း တစ်ခုအဖြင့် နော်ဝေး နိုင်ငံခြားရေး ဝန်ကြီးဌာန ရန်ပုံငွေ ထောက်ပံ့မှုဖြင့် ထုတ်ဝေသည်။ ယခု စာတမ်း၏ အစောပိုင်း ထုတ်ဝေခဲ့သည့် မူရင်းများကို ၂၀၁၂ အပြောင်းအလဲများ နှင့် မြန်မာ ခေါင်းစဉ်ဖြင့် ဟောင်ကောင် တက္ကသိုလ်တွင် ကျင်းပသည့် နိုင်ငံတကာ ပညာရှင်များ ကွန်ဖရင့် (ဇွန်၁၈-၂၀ ၂၀၁၂ခုနှစ်) တွင် တင်ပြခဲ့သည်။ အလားတူ PRIO နှင့် မြန်မာ ငြိမ်းချမ်းရေး ဗဟိုဌာနတို့ ပူးတွဲ ကျင်းပသည့် နိုင်ငံရေး အပြောင်းအလဲများက မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးကို ဖေါ်ဆောင်နိုင်မည်လား ခေါင်းစဉ်ဖြင့် ရန်ကုန်တွင် (အောက်တိုဘာ ၁၃-၁၄ ၂၀၁၂ခုနှစ်) တင်ပြခဲ့သည်။

အက်ရှ်လေဆောက်ဒ် (www.ashleysouth.co.uk) သည် တသီးပုဂ္ဂလ စာရေးဆရာ နှင့် အတိုင်ပင်ခံ ဖြစ်ပြီး၊ မြန်မာနိုင်ငံ နှင့် အရှေ့တောင်အာရှ တိုင်းရင်းသား နိုင်ငံရေး နှင့် လူသားချင်း စာနာမှုဆိုင်ရာ ကိစ္စရပ်များကို အထူးပြု လေ့လာသည်။ ယခု လောလောဆယ်တွင် သူသည် မြန်မာ ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အစီအစဉ် Myanmar Peace Support Initiative တွင် တာဝန်ထမ်းဆောင် နေပါသည်။ ဤစာတမ်းပါ အယူအဆများ နှင့် လေ့လာဆန်းစစ်ချက်များဖြင့် ပတ်သက်ပြီး စာရေးသူ တစ်ဦးတည်းတွင်သာ တာဝန် ရှိလေသည်။

Peace Research Institute Oslo (PRIO)
Hausmanns gate 7
PO Box 9229 Oslo
NO-0134 Oslo, Norway
Tel. +47 22 54 77 00
www.prio.no

PRIO encourages its researchers and research affiliates to publish their work in peer-reviewed journals and book series, as well as in PRIO's own Report, Paper and Policy Brief series. In editing these series, we undertake a basic quality control, but PRIO does not as such have any view on political issues. We encourage our researchers actively to take part in public debates and give them full freedom of opinion. The responsibility and honour for the hypotheses, theories, findings and views expressed in our publications thus rest with the authors themselves.

© Peace Research Institute Oslo (PRIO), 2012
All rights reserved. No part of this publication may be reproduced. Stored in a retrieval system or utilized in any form or by any means, electronic, mechanical, photocopying, recording, or otherwise, without permission in writing from the copyright holder(s).

ISBN 978-82-7288-494-8

Translation into Burmese by Khine Win

Cover design: www.studiosju.no
Cover Photo: The Ayeyarwady River, Myanmar, Espen Skran.

# မာတိကာ

၁။ အနှစ်ချုပ် 5
၂။ နိဒါန်း 7
၃။ အဓိက စိန်ခေါ်မှုများ 11
၄။ နောက်ခံ သမိုင်း 15
၅။ ၂၀၁၂-ငြိမ်းချမ်းရေးအတွက် အလားအလာများ 19
၆။ မြန်မာ အစိုးရ နှင့် တပ်မတော် 25
၇။ တိုင်းရင်းသားများ၏ အဓိက ဇာတ်ဆောင်များ 27
၈။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဖျက်ဆီးနိုင်သူများ 37
၉။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပံ့ပိုးကူညီခြင်း- ထိခိုက်နစ်နာအောင် မပြုလုပ်ခြင်း 39
၁၀။ ရှေ့လုပ်ငန်းစဉ်များ 45
၁၁။ ကျမ်းကိုး 51
၁၂။ လက်နက်ကိုင် အဖွဲ့အစည်းများ စာရင်း 53

# အနှစ်ချုပ်

ဤစာတမ်းသည် မြန်မာနိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို၊ မြန်မာအစိုးရ နှင့် တပ်မတော်၊ လက်နက်ကိုင် အဖွဲ့အစည်းများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ အရပ်ဘက် အဖွဲ့အစည်းများ နှင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွါးနေသည့် နယ်မြေဒေသများအတွင်းရှိ ရပ်ရွာအဖွဲ့အစည်းများ၏ ရှုဒေါင့်အမြင် အသီးသီးမှ လေ့လာဆန်းစစ်ထားပါသည်။ ဤစာတမ်းတွင် ယခုအချိန်အခါသည် မြန်မာနိုင်ငံတွင် တပ်မတော်မှ နိုင်ငံတော် အာဏာကို စတင်သိမ်းယူခဲ့သည့် ၁၉၆၂ခုနှစ်မှစပြီး တိုင်းရင်းသား ပဋိပက္ခကို ဖြေရှင်းရန် အကောင်းဆုံး အချိန်အခါ ဖြစ်သည်ဟု ဝေဖန် ထောက်ပြထားပါသည်။ သို့သော်လည်း မြန်မာ အစိုးရ အနေဖြင့် လက်နက်ကိုင် ပဋိပက္ခများ၏ အဓိက အကြောင်းရင်း နိုင်ငံရေး ပြဿနာကို ဖြေရှင်းရန် သံန္နိဋ္ဌာန် ချထားခြင်း မရှိပါက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် အဆုံးစွန်ထိ အောင်မြင်မှု ရရှိနိုင်မည် မဟုတ်ချေ။ သံန္နိဋ္ဌာန်ချထားမှုလည်း ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွါးလျက်ရှိသည့် တိုက်ပွဲများကို အဆုံးသတ်စေနိုင်မည် ဖြစ်သည်။

မြန်မာ အစိုးရ၏ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ အကြား ကောင်းမွန်သည့် ဆက်ဆံရေးကို ၂၀၁၂ခုနှစ် အောက်တိုဘာ-နိုဝင်ဘာလအတွင်း တည်ဆောက်နိုင်ခြင်းအားဖြင့် နိုင်ငံရေး အပိုင်းတွင် အရေးပါသည့် တိုးတက်မှုကို ဖြစ်ပေါ်စေခဲ့သည်။ မည်သည့် ပုံစံ နှင့် မည်သည့် အချိန်တွင် စိတ်အားထက်သန်စွာ စတင်မည်ကို မသိရှိရသော်လည်း မြန်မာအစိုးရသည် နိုင်ငံရေးအရ ဆွေးနွေးမှုများ ပြုလုပ်ရန် သံန္နိဋ္ဌာန် ချထားပုံရလေသည်။ အမျိုးမျိုးအဖုံဖုံအားဖြင့် မြန်မာအစိုးရအတွက် အတိုက်အခံများဖြင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သည့် နိုင်ငံရေး စကားဝိုင်းများကို စတင် အကောင်အထည်ရခြင်းသည်၊ မြန်မာ့တပ်မတော်မှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် လေးစားလိုက်နာအောင် ပြုလုပ်ရခြင်းထက် ပိုမိုလွယ်ကူလေသည်။ ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)ဖြင့် မကြာသေးမီက ဆွေးနွေးညှိနှိုင်းမှုများသည်လည်း လိုရာခရီးမရောက်ဘဲ၊ မြန်မာပြည် မြောက်ပိုင်း တွင် စိုးရိမ်ဘွယ်ရာ လက်နက်ကိုင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွါးလျက် ရှိနေခြင်းသည်သာ အကျိုးရလာဒ်အဖြစ် ကျန်ရှိခဲ့လေသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး၊ ကွဲပြားခြားနားသည့် အမြင်များ(တခါတရံ အငြင်းပွါးလျက်ရှိသည့်အမြင်များ)ကို ဤစာတမ်းတွင် တိုင်းရင်းသားခေါင်းဆောင်များ နေရာမှ တင်ပြထားပြီး၊ ယင်းတို့၏ မဟာဗျူဟာများကိုလည်း လေ့လာဆန်းစစ် ထားပါသည်။ ဆက်လက်၍လည်း ဤငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် အကျိုးအမြတ် ရရှိသူများ နှင့် ဆုံးရှုံးသူများကိုလည်း ဆွေးနွေးတင်ပြထားပါသည်။ ဤစာတမ်းတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး အမြစ်တွယ်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခု ပေါ်ထွန်းလာရန်၊ ပဋိပက္ခဒဏ်ခံ ရပ်ရွာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ နှင့် မြေပေါ်တိုင်းရင်းသား နိုင်ငံရေးပါတီများ ပါဝင်ရန် လိုအပ်သည်ဟုလည်း ဆွေးနွေးတင်ပြထားပါသည်။ ထို့ပြင် ငြိမ်းချမ်းရေး နှင့်

ပဋိပက္ခကိုလည်း၊ မြန်မာလူများစုများအပါအဝင် တမျိုးသားလုံး၏ ပြဿနာများအနေဖြင့် ရှုမြင်ရန်လိုအပ်ကြောင်းကိုလည်း တင်ပြထားပါသည်။ ဤစာတမ်းအား မြန်မာအစိုးရ နှင့် တိုင်းရင်းသားလူနည်းစုများအကြား၊ ပိုမိုလေးနက်သည့် နိုင်ငံရေး ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် လိုအပ်သည့်မူဘောင်သဘောတူညီချက်တခုကို ရေးဆွဲတင်ပြခြင်းဖြင့် နိဂုံးချုပ်ထားပါသည်။

# နိဒါန်း။

လတ်တလော မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အနှစ်ငါးဆယ်ခန့်အတွင်း တိုင်းရင်းသား ပဋိပက္ခများကို ဖြေရှင်းရန်၊ ဤဒုက္ခဆင်းရဲများ ခံစားနေရသည့် တိုင်းပြည်အတွက် အကောင်းဆုံးသော အခွင့်အလမ်းပင် ဖြစ်လေသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ မပြိုလဲဘဲ ရှိနေသည့် နေရာဒေသများတွင် ပြည်သူလူထု၏ အခြေအနေများသည် တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရသည်။ သို့သော်ငြားလည်း ပဋိပက္ခများ မြစ်ဖျားခံရာ နိုင်ငံရေး၊ စီးပွါးရေး နှင့် လူမှုရေးပြဿနာများသည် လွယ်ကူစွာ ဖြေရှင်းနိုင်သည့် အရာများတော့ မဟုတ်ချေ။ အမြစ်တွယ်နေသည့် ပဋိပက္ခ၏ အခြေခံအကြောင်းတရားများကို ဖြေရှင်းရန် မြန်မာအစိုးရ နှင့် လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် သတ္တိ နှင့် စိတ်ကူးစိတ်သန်း ရှိရန်လိုအပ်လေသည်။ ထိုသို့မဟုတ်လျှင် လက်ရှိ အခွင့်အလမ်း ပြတင်းတံခါးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရှိန်အဟုန် ကျဆင်းသွားခြင်းနှင့်အတူ ပြန်လည် ပိတ်ပင်သွားမည်ဖြစ်လေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပျက်ပြယ်သွားမှုသည်၊ သမ္မတကြီး ဦးသိန်းစိန်၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အပေါ်တွင် ဆိုးကျိုးများစွာ ဖြစ်ပေါ်နိုင်လေသည်။ တိုင်းရင်းသား ပဋိပက္ခများကို ဖြေရှင်းနိုင်ခြင်းမှ အများဆုံး အကျိုးကျေးဇူး ရရှိသူများမှာ ကာလရှည်စွာ ဖြစ်ပွါးနေသည့် လက်နက်ကိုင် ပဋိပက္ခများ၏ ဒဏ်ကို အများဆုံးခံစားရသည့် ဒေသခံ အရပ်သား တိုင်းရင်းသားလူနည်းစုများပင် ဖြစ်လေသည်။ သို့သော်ငြားလည်း လက်နက်ကိုင် ပဋိပက္ခဖြင့် ဆက်စပ်ပတ်သက်နေသူများထဲမှ အချို့သော သူများသည် မိမိတို့၏ အတ္တကိုသာ ရှေ့တန်းတင်ပြီး လက်နက်ကိုင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွါးနေခြင်းကို လိုလားလျက်ရှိနေသည်။ ထိုသူများထဲတွင် လက်ရှိအစိုးရ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးများ၏ အတိုင်းအတာ နှင့် ပြောင်းလဲမှုနှုန်းကို မကြိုက်နှစ်သက်သည့် ယခင်စစ်အစိုးရအဖွဲ့ဝင်များ နှင့် လျင်မြန်စွာ ပြောင်းလဲနေသည့် အထွေထွေ အခြေအနေတွင် ၎င်းတို့အနေဖြင့် နေရာရရန် မလွယ်ကူဖြစ်နေသည့် အတိုက်အခံ အုပ်စုများမှ ပုဂ္ဂိုလ်များ ပါဝင်လေသည်။ အကယ်၍ မြန်မာအစိုးရအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို သွေဖီမသွားဘဲ၊ တနိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေး ရရှိနိုင်မည့် အခြေအနေများ ဖြစ်ပေါ်စေမည့် နိုင်ငံရေး သဘောတူညီချက်များ ချုပ်ဆိုနိုင်ပါက အဆိုပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်ဖျက်ဆီးနိုင်သူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို သိသာထင်ရှားစွာ နှောက်ယှက်ဖျက်ဆီးနိုင်လိမ့်မည် မဟုတ်ချေ။ နိုင်ငံတကာအသိုင်းအဝိုင်းသည် (အနည်းဆုံး အနောက်နိုင်ငံများသည်) ပြုပြင်ပြောင်းလဲရေး နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အခိုင်အမာ ထောက်ခံလျက်ရှိသည်ကို ၂၀၁၂ခုနှစ် နိုဝင်ဘာလ၁၂ရက်နေ့၌ အမေရိကန် သမ္မတ ဘဲရက်အိုဘာမား၏ ချစ်ကြည်ရေးခရီးစဉ်က သက်သေပြခဲ့သည်။

လက်နက်ကိုင် ပဋိပက္ခများ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးချိန်တွင်၊အစိုးရပေါ်၌ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများသည် ယုံကြည်မှု မရှိသလောက် ဖြစ်နေလေသည်။ ယုံကြည်မှု

တည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားများ၏ စိုးရိမ်ပူပန်များဖြင့် သက်ဆိုင်သည့် လေးနက်သည့် နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်ကို မြန်မာအစိုးရအနေဖြင့် စတင်သင့်လေသည်။ အကောင်းဆုံးစတင်ရန်မှာ နိုင်ငံရေး စကားဝိုင်းများအတွက် လုပ်ထုံးလုပ်နည်း၊ အစီအစဉ် နှင့် အချိန်ကာလ သတ်မှတ်ရန် ဖြစ်လေသည်။ ကချင် နှင့် ရှမ်းပြည် အချို့ဒေသများတွင် ဆက်လက်ဖြစ်ပွါးလျက်ရှိသည့် လက်နက်ကိုင် ပဋိပက္ခများကို အဆုံးသတ်ရန်လည်း လိုအပ်လေသည်။ အတိုက်အခံများဖြင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်းများ စတင်ခြင်း နှင့် လက်နက်ကိုင် တိုက်ပွဲများကို မြန်မာပြည် မြောက်ပိုင်းတွင် ရပ်တန့်ခြင်းဖြင့် မြန်မာအစိုးရ၏ တနိုင်ငံလုံးတွင် ငြိမ်းချမ်းရေး ပေါ်ထွန်းရေးအတွက် အလေးအနက်ထားကြောင်းကို ပြသနိုင်လေသည်။
အနိမ့်ဆုံး ရေတိုမှသည် အလယ်အလတ် ကာလထိ သမ္မတ ဦးသိန်းစိန် နှင့် သူ၏ အကြံပေးများအတွက် အတိုက်အခံအုပ်စုများဖြင့် နိုင်ငံရေး ဆွေးနွေးမှုများ ပြုလုပ်ရန် အတော်အတန် လွယ်ကူနိုင်လိမ့်မည်။ အမှန်စင်စစ် သိသာထင်ရှားသည့် တိုးတက်မှုများကို မကြာသေမီ အချိန်အတွင်း ဖြစ်ပေါ်စေခဲ့လေသည် (အောက်တွင်ဖတ်ပါ)။ သို့သော်ငြားလည်း နှစ်ဘက် အဖွဲ့အစည်းများရှိ သဘောထား တင်းမာသူများ၏ နှောက်ယှက်နိုင်မှုများကို မှန်းဆကြည့်ထားပါက၊ ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် နိုင်ငံရေး သဘောတူညီချက် ရရှိရန်မှာ လွယ်ကူသည့် အရာမဟုတ်ချေ။ ထိုအတွက်ကြောင့် လာမည့်လများတွင် မြန်မာအစိုးရအနေဖြင့် နိုင်ငံရေး ဆွေးနွေးပွဲများကို စတင်ရန်မှာ၊ ယင်း၏ ငြိမ်းချမ်းရေး အစီအစဉ်ကို မြန်မာ့တပ်မတော်မှ လိုက်နာဆောင်ရွက်ရန် ပြုလုပ်ခြင်းထက် ပိုမိုလွယ်ကူနိုင်သည်ကို တွေ့ရှိကောင်းတွေ့ရလိမ့်မည်။

စီးပွါးရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အလျင်အမြန် လိုအပ်ချက် အပါအဝင်၊ ပြသနာအများအပြားသည် ကျန်ရှိနေလိမ့်မည် ဖြစ်လေသည်။ ထို့အပြင် မကြာသေးမီက ရခိုင်ပြည်နယ်တွင် ဖြစ်ပွါးခဲ့သည့် ကြောက်မက်ဖွယ် အကြမ်းဖက်မှုများသည်၊ တိုင်းရင်းသား နှင့် နိုင်ငံရေးအရ ကွဲပြားခြားနားမှုများကို ကောင်းစွာ မထိန်းသိမ်းနိုင်ပါက အခြေအနေများသည် မည်မျှ ဆိုးဝါးသွားစေနိုင်သည်ကို ညွှန်ပြနေခြင်း ဖြစ်လေသည်။

သို့သော်ငြားလည်း လက်ရှိဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းရန်၊ စစ်တပ်အုပ်ချုပ်မှု စတင်ခဲ့သည့် ၁၉၆၂ခုနှစ် မှတင်မကဘဲ၊ မြန်မာ့သမိုင်း တလျှောက်တွင် အကောင်းဆုံး အခွင့်အလမ်းဖြစ်လေသည်။

လက်ခံနိုင်ဘွယ်ရာ မယုံကြည်မှုများရှိနေသော်လည်း ၄င်းတို့ ကိုယ်စားပြုလိုသည့် ရပ်ရွာအဖွဲ့အစည်းများဖြင့် သက်ဆိုင်သည့် ပြသနာများကို ဖြေရှင်းရန်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် လက်ရှိ အခွင့်အလမ်းကို အရယူ၍ မြန်မာအစိုးရ နှင့် ဆွေးနွေးညှိနှိုင်းသင့်လေသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ခြင်းဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် ၄င်းတို့နှင့် ထိတွေ့ဆက်ဆံမှု ပျက်ပြယ်သွားသော ဒေသခံ ရပ်ရွာအဖွဲ့အစည်းများဖြင့် ပြည်လည် ထိတွေ့ဆက်ဆံနိုင်မည် ဖြစ်ပြီး၊ အဓိက နိုင်ငံရေး ဇာတ်ကောင်များအဖြင့် ပြည်လည် တည်ဆောက်နိုင်မည် ဖြစ်လေသည်။ ဤအခွင့်အလမ်းကို

မယူပါက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် ဆက်လက်ပြီး ဖယ်ကျဉ်ထားခြင်းကို ခံရမည် ဖြစ်လေသည်။ ထို့အပြင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထောက်ခံမှု မပြုခြင်းသည် မြန်မာအစိုးရ၏ အထွေထွေ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကိုပါ ထိခိုက် နိုင်လေသည်။ အချို့သော တိုင်းရင်းသား ခေါင်းဆောင်များအနေဖြင့် ယင်းတို့သည် အနာဂတ်တွင် ဒီမိုကရေစီစနစ်နှင့် အညီ ရွေးကောက်တင်မြှောက်ခံရသည့် အစိုးရဖြင့် ပိုမိုကောင်းမွန်သည့် သဘောတူညီချက်ကို ဆွေးနွေးညှိနှိုင်းနိုင်လိမ့်မည်ဟု ထင်ကောင်းထင်နိုင်သော်လည်း၊ အနာဂတ်တွင် အာဏာရလာမည့် အစိုးရသည် ပြည်တွင်း နှင့် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို မြင့်မားစွာ ရရှိနိုင်လိမ့်မည် ဖြစ်လေသည်။ အဓိပ္ပါယ်မှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် တိုင်းရင်းသားအရေးအပေါ် စာနာမှု မရှိကောင်း မရှိနိုင်သည့် ဗဟိုအစိုးရ အသစ်များ၏ ကမ်းလှမ်းသမျှကို လက်ခံရမည့် အခြေအနေ ဖြစ်လေသည်။ အပြစ်အနာအဆာ မည်မျှပင် ရှိစေကာမူ၊ ပြုပြင်ပြောင်းလဲရေး လိုလားသည့် လက်ရှိ အစိုးရသည် တိုင်းပြည်၏ ကာလရှည်ကြာစွာ ဖြစ်ပွါးနေသည့် လက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းရန် အလေးအနက်ရှိပြီး၊ ဖြေရှင်းရန်လည်း တွန်းအားပေးထားလေသည်။ အနာဂတ် အစိုးရများတွင် ထိုသို့ တွန်းအား နှင့် ဆောင်ရွက်လိုစိတ် ရှိမည်ဆိုသည်မှာ မသေချာ မရေရာပေ။ ၄င်းတို့ ကိုယ်စားပြုလိုသည့် ရပ်ရွာ အဖွဲ့အစည်းများဖြင့် သက်ဆိုင်သည့် ပြဿနာများကို ဖြေရှင်းရန်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် လက်ရှိ အခွင့်အလမ်းကို အရယူ၍ မြန်မာအစိုးရ နှင့် ဆွေးနွေးညှိနှိုင်းသင့်လေသည်။ ဤအခွင့်အလမ်းကို မယူပါက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် ဆက်လက်ပြီး ဖယ်ကျဉ်ထားခြင်းကို ခံရမည် ဖြစ်လေသည်။ ထို့အပြင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထောက်ခံမှု မပြုခြင်းသည် မြန်မာအစိုးရ၏ အထွေထွေ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကိုပါ ထိခိုက် နိုင်လေသည်။ အတိုက်အခံ အဖွဲ့များမှ အချို့သော ပုဂ္ဂိုလ်များ အနေဖြင့် လက်ရှိ စစ်တပ်၏ ထောက်ခံမှုဖြင့် အာဏာရရှိလာသည့် အစိုးရအား အင်အားချိနဲ့အောင် ပြုလုပ်ခြင်းသည် နိုင်ငံရေးအရ အောင်မြင်မှု ရရှိခြင်း ဖြစ်သည်ဟု ထင်မြင်နိုင်သော်လည်း၊ ထိုသို့ အင်အားချိနဲ့အောင် ပြုလုပ်ခြင်းသည် လက်ရှိ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို ဆိုးဝါးစွာ ထိခိုက်သွားစေနိုင်လေသည်။

ထိပ်သီးခေါင်းဆောင်းပိုင်း၏ တွက်ချက်မှုများအပြင်၊ ရေရှည်တည်တံ့ခိုင်မြဲပြီး အမြစ်တွယ်သည့် ငြိမ်းချမ်းရေးကို ရရှိရန်၊ ပဋိပက္ခဒဏ်ခံ ရပ်ရွာအဖွဲ့အစည်းများ နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို လိုအပ်လေသည်။ ယင်းတို့၏ ပူးပေါင်းပါဝင်မှုကို ရရှိရန် နည်းလမ်းတစ်လမ်းမှာ အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုထားသော ငြိမ်းချမ်းရေး သဘောတူညီချက်များကို ဒေသခံ ရပ်ရွာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များမှ စောင့်ကြပ်ကြည့်ရှုခြင်း ဖြစ်လေသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် မြေပေါ် တိုင်းရင်းသာ နိုင်ငံရေးပါတီများကိုလည်း ကျယ်ပြန့်စွာ ပါဝင် လုပ်ဆောင်ခွင့် ပေးအပ်သင့်လေသည်။

# အဓိက စိန်ခေါ်မှုများ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အဓိက စိန်ခေါ်နေမှုများသည်
၁။ အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား လေးနက်သည့် နိုင်ငံရေးအရ ဆွေးနွေးမှုများ စတင်ရေး (ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မြှင့်တင်ခြင်း)
၂။ အရပ်ဘက်အဖွဲ့အစည်းများ နှင့် ပဋိပက္ခဒဏ်ခံ ရပ်ရွာအဖွဲ့အစည်းများကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်လာအောင် ဆောင်ရွက်ခြင်း (ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို နက်ရှိုင်းလာအောင် ပြုလုပ်ခြင်း)
၃။ မြန်မာ့ တပ်မတော် နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေး အစီအစဉ်အပေါ် ထောက်ခံရန် စိတ်အားထက်သန်ကြောင်းကို ပြသနိုင်ရန်တို့ဖြစ်သည်။

အစိုးရအတွက် အဓိက ရင်ဆိုင်နေရသည့် စိန်ခေါ်မှုသည် ၂၀၁၅ခုနှစ်တွင် တနိုင်ငံလုံး၌ လွတ်လပ်၍ တရားမျှတပြီး အကြမ်းမဖက်သည့် ရွေးကောက်ပွဲများ ကျင်းပရေး ဖြစ်ကောင်း ဖြစ်နိုင်သည်။ ထိုရွေးကောက်ပွဲများမှ ကောင်းစွာလည်ပတ်နိုင်သည့် ပြည်ထောင်စုအဆင့် နှင့် တိုင်း/ပြည်နယ်အဆင့် အစိုးရ အသီးသီး ပေါ်ထွန်းလာမည်။ အခြားရင်ဆိုင်ရနိုင်သည့် ပြဿနာများကတော့ အထူးသဖြင့် နိုင်ငံတော် အာဏာ ထိန်းချုပ်မှု၏ အစွန်းအဖြားမှာ ရှိနေသည့် လက်နက်ကိုင် ပဋိပက္ခဒဏ်ခံ ဒေသများတွင် လိုအပ်နေသည့် ထိရောက်သည့် အုပ်ချုပ်စီမံမှု နှင့် တရားဥပဒေ စိုးမိုးရေးတို့ကို တည်ဆောက်ခြင်း ဖြစ်လေသည်။ အဆိုပါ ဒေသများရှိ အရပ်သားများသည် အစိုးရ နှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်း အသီးသီးမှ အာဏာပိုင်များ၏ အုပ်ချုပ်ရေးအောက် မကြာခဏ ရောက်ရှိကြရလေသည်။ အောက်တွင် ဖေါ်ပြထားသကဲ့သို့ အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များသည် အဆိုပါ ပြဿနာများကို ဖြေရှင်းလာနိုင်လိမ့်မည်။ ယခင် ပဋိပက္ခဒဏ်ခံ ဝေးလံသည့် အရပ်ဒေသများအတွင်းသို့ ဝင်ရောက်လာမည့် သဘာဝ သံယာဇတများ၊ သတ္တုတူးဖေါ်ရေးလုပ်ငန်းများ နှင့် ဆက်စပ်သည့် စီးပွါးရေးလုပ်ငန်းများကို ထိန်းချုပ်ရန် လိုအပ်မှု နှင့် ဆက်စပ်သည့် ပြဿနာဖြစ်လေသည်။ ဤကိစ္စသည် မကြာမီက အာဏာခွဲဝေပေးထားခြင်းခံရသည့် တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများအား စွမ်းဆောင်ရည် မြှင့်တင်ခြင်းဖြင့် သက်ဆိုင်သည့် အဓိက အကြောင်းအရာ ဖြစ်သင့်လေသည်။ တိုင်းဒေသကြီး နှင့် ပြည်နယ်အဆင့်များတွင် တိုင်းရင်းသား နိုင်ငံရေးပါတီများသည် အတော်အသင့် ပြောရေးဆိုခွင့် ရှိလေသည်။

မြန်မာ့အသွင်ကူးပြောင်းရေး ရေရှည်တည်တံ့ခိုင်မြဲရန် မရှိမဖြစ် လိုအပ်သည့် အရာကတော့ စီးပွါးရေး ပြုပြင်ပြောင်းလဲမှု ဖြစ်လေသည်။ တနိုင်ငံလုံးအတိုင်းအတာ နှင့် ပဋိပက္ခဒဏ်ခံ အောက်ခြေဒေသများ ၂မျိုးစလုံးအတွက် စီးပွါးရေး ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် လိုအပ်လေသည်။ စီးပွါးရေး ပြုပြင်ပြောင်းလဲမှု နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းသည်

ရပ်ရွာအဖွဲ့အစည်းများ နှင် အထူးသဖြင့် လူငယ်များအတွက် စီးပွါးရေး နှင့် လူ့အဖွဲ့အစည်းတွင် အကျိုးစီးပွါး ဆက်စပ်ပတ်သက်မှုများ ပိုမိုရှိလာမည်ဖြစ်ပြီး၊ အကြမ်းဖက် အဖွဲ့အစည်းများဖြင့် ပူးပေါင်းပါဝင်ခြင်း (နိုင်ငံရေး ရည်မှန်းချက်များ သို့မဟုတ် ပုဂ္ဂလိက ရည်မှန်းချက်များအတွက်)ကို အစားထိုးနိုင်လိမ့်မည်ဖြစ်သည်။ ထိုအတွက်ကြောင့် အသက် မွေးဝမ်းကြောင်း နှင့် အခြားသင်တန်းများ အထူး လိုအပ်လေသည်။ တိုင်းရင်းသား လူနည်းစုများ၏ ဒေသများတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည် ဖေါ်ကြမည့် စီမံချက်များတွင် မိမိတို့ မည်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကျမည်ကို အစိုးရ၊ လက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ နှင့် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များအားလုံး အလေးအနက် စဉ်းစားထားရန်လည်း လိုအပ်လေသည်။ အဆိုပါ ဖွံ့ဖြိုးရေး စီမံချက်များမှ အကျိုးအမြတ် အများအပြား ရရှိနိုင်သော်လည်း၊ ယင်းတို့သည် အထူးသဖြင့် ထိခိုက်လွယ်သည့် ပဋိပက္ခဒဏ်ခံ ရပ်ရွာအဖွဲ့အစည်းများကို ဘေးဒုက္ခပေးနိုင်လေသည်။

နောက်ထပ် ထင်ရှားသည့် စိန်ခေါ်မှု တစ်ခုကတော့ အစိုးရ အဖွဲ့အစည်းများ၊ လုပ်ထုံးလုပ်နည်းများ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများအတွင်းရှိ အဖွဲ့အစည်း အသီးသီး နှင့် လုပ်ထုံးလုပ်နည်းများအကြား အပြုသဘော ပူးပေါင်းဆောက်ရွက်ရေး နှင့် အယူအဆများ ညှိနိုင်းရေး ဖြစ်သည်။ လက်နက်ကိုင် အဖွဲ့အစည်း အများအပြားတွင် ငွေကြေးအင်အား၊ လူအင်အား၊ ပစ္စည်းအင်အား အမြဲတစေ လိုအပ်နေသည့် အစိုးရပုံစံ အဖွဲ့အစည်းများရှိကြသည်။ ဥပမာ ပညာရေး၊ ကျန်းမာရေး နှင့် ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့အစည်းများ ဖြစ်သည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အဆိုပါ အစိုးရမဟုတ်သည့် ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများသည် နိုင်ငံတော် အဖွဲ့အစည်းများဖြင့် မည်သို့ဆက်ဆံ ပေါင်းစည်းမည်ဆိုသည်ကို ဖြေရှင်းရန် မဆိုထားနှင့် ဆွေးနွေးပြောဆိုခြင်းပင် မရှိသေးချေ။ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွါးခဲ့သည့် ဒေသများအတွက် အဆိုပါကိစ္စသည် အရေးကြီးသည့် ကိစ္စဖြစ်လေသည်။ ရပ်ရွာအဖွဲ့အစည်းများသည် အာဏာပိုင် အမျိုးမျိုး၏ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိကြလေသည် (အစိုးရ၊ မြန်မာ့တပ်မတော်၊ လက်နက်ကိုင် အဖွဲ့အစည်း တစ်ဖွဲ့ သို့မဟုတ် အများအပြား၊ ပြည်သူ့စစ် အဖွဲ့များ နှင့် အခြား ဩဇာအာဏာရှိသူများ)။ ပဋိပက္ခ နယ်မြေဒေသများအတွင်းရှိ နေရပ်စွန့်ခွာ ထွက်ပြေးရသူများ နှင့် အခြား ရပ်ရွာအဖွဲ့အစည်းများအတွက် လက်နက်ကိုင် အဖွဲ့အစည်းများအောက်ရှိ အုပ်ချုပ်ရေး အဖွဲ့များ နှင့် ယင်းတို့၏ ဝန်ထမ်းများသည် ပိုမို၍ တရားဝင်သလို၊ အစိုးရ အဖွဲ့အစည်းများထက်လည်း ပိုမိုထိရောက်သည်ဟု ယူဆကြသည်။

အထက်တွင်မှတ်ချက်ချခဲ့သလို သိသာထင်ရှားသည့် အတိုင်းအတာတခုထိ မြန်မာနိုင်ငံ၏ အစိုးရဦးဆောင်သည့် ပြုပြင်ပြောင်းလဲရေးများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ်တွင် မီတည်နေလေသည်။ လက်ရှိကြိုးပမ်းအားထုတ်မှုများကို နက်ရှိုင်းစေရန် နှင့် ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်မှသာ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အရှိန်အဟုန်ကို ထိန်းသိမ်းထားနိုင်မည် ဖြစ်လေသည်။ ပထမဆုံးအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပဋိပက္ခဒဏ်ခံ ရပ်ရွာအဖွဲ့အစည်းများ နှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ကဲ့သို့သော အခြားအကျိုးစီးပွါး ဆက်စပ်ပတ်သက်နေသူများ၏ ပူးပေါင်းပါဝင်မှုကို တိုးချဲ့ရန် လိုအပ်သလို၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ တန်းတူပါဝင်နိုင်ရန်လည်း

လုပ်ဆောင်ရမည် ဖြစ်လေသည်။ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေး နှင့် ယင်းတို့ဖြင့် သက်ဆိုင်သည့် လုံခြုံရေးကိစ္စရပ်များ (ဥပမာ နစ်ဘက်တပ်များ နေရာချထားရေး၊ နစ်ဘက်တပ်များ လိုက်နာရမည့် ကျင့်ဝတ်များ နှင့် အပစ်အခတ်ရပ်စဲ ရေးများကို စောင့်ကြပ်ကြည့်ရှုခြင်း) ဖြင့်သာ မလုံလောက်ဘဲ၊ နိုင်ငံတော် နှင့် လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများဖြင့် သက်ဆိုင်သည့် ပိုမိုကျယ်ပြန့်သည့် လူမှုရေး နှင့် နိုင်ငံရေး ပြဿနာများကိုလည်း ဖြေရှင်းရန် လိုအပ်လေသည်။

လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရှိန်အဟုန်ကို အချိန် အကန့်အသတ်မရှိ ထိန်းသိမ်းထားနိုင်မည် မဟုတ်ချေ။ လေးနက်ပြီး ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးသည် အစိုးရ နှင့် လက်နက်ကိုင်အဖွဲ့များမှ ပေးထားသည့် ကတိကဝတ်များကို လေးစားလိုက်နာမှု အဆင့် ပြောင်းလဲခြင်းဖြင့်သာ ပေါ်ထွန်းလာနိုင်မည် ဖြစ်လေသည်။ လက်နက်ကိုင် အဖွဲ့များအတွက် စိန်ခေါ်မှု နောက်တခုကတော့ လက်ရှိ အလွန်ထူးခြားပြီး မြန်ဆန်သည့် မြန်မာနိုင်ငံ၏ အပြောင်းအလဲ အခြေအနေများအကြားတွင် အရေးပါသည့် အုပ်စုများအဖြင့် အသိအမှတ်ပြုပါဝင်နိုင်စေရန် ရည်မှန်းချက်နှင့် အံဝင်ဂွင်ကျအောင် ကြိုးပမ်းရမည့်အချက် ဖြစ်လေသည်။ လက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံရေး ပင်မရေစီးကြောင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် နှင့် သက်ဆိုင်ရာ ရပ်ရွာအဖွဲ့အစည်းများ၏ မျှော်မှန်းချက်များ၊ လိုလားတောင့်တမှုများ (နှင့် နစ်နာချက်များ) ကို ကိုယ်စားပြုရန် အခွင့်အလမ်း နည်းပါးသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ နစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခများနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအားလုံးသည် အကြမ်းဖက်မှုများ နှင့် ဖွံ့ဖြိုးမှုနှောင့်နှေးမှုတို့ကို အဆုံးသတ်ပြီး ငြိမ်းချမ်းရေး တည်ဆောက်ရန် ယခုအချိန်အခါကို အမိအရ ဆုတ်ကိုင်သင့်လေသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပြည်တွင်းအဖွဲ့များ အချင်းချင်းသာ ဆွေးနွေးညှိနှိုင်းကျသည့် သဘောသဘာဝရှိသဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အခန်းကဏ္ဍသည် အကန့်အသတ်ဖြင့်သာ ရှိလေသည်။ သို့သော်ငြားလည်း နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများအား နိုင်ငံတကာ လူ့အခွင့်အရေးများ နှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများအရ ပေးအပ်ထားသည့် ကတိကဝတ်များ နှင့် တာဝန်များကို လေးစားလိုက်နာရန်၊ ကြာမြင့်နေပြီဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခများကို အဆုံးသတ်ရန် နှင့် အဓိက အုပ်စုများအားလုံးမှ လက်ခံနိုင်သည့် နိုင်ငံရေး သဘောတူညီချက် ရရှိအောင် ကြိုးပမ်းရန် ဆက်လက် တိုက်တွန်း သင့်လေသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ရန် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ အစီအစဉ်များကို ပံ့ပိုးကူညီနိုင်ပြီး၊ တချိန်တည်းမှာပင် ပြည်သူများ လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေး ပေါ်ထွန်းရေးကို အမှန်တကယ် ဆောင်ရွက်လိုစိတ် အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများတွင် ရှိမရှိကိုလည်း စမ်းသပ်နိုင်လေသည်။

# နောက်ခံသမိုင်း

မြန်မာနိုင်ငံတွင် ဗမာမဟုတ်သည့် တိုင်းရင်းသားများက လူဦးရေ စုစုပေါင်း၏ အနည်းဆုံး ၃၀ရာခိုင်နှုန်းခန့် ရှိလေသည်။ ကိုလိုနီခေတ် မတိုင်မီက လူမျိုးရေး-ဘာသာစကား မတူကွဲပြားမှုများသည် လူမှု-နိုင်ငံရေး အဆင့်အတန်းပြ အမှတ်အသားများ၏ တခုသော အသွင်လက္ခဏာ ဖြစ်ခဲ့သည်။ လူမျိုးရေး၏ နိုင်ငံရေးအရ အရေးပါမှုကို ကိုလိုနီခေတ်အတွင်း အလေးအနက်ဖြစ်အောင် ဖြစ်လုပ်ခဲ့သည်။ ထိုအတွက်ကြောင့်လည်း လွတ်လပ်ရေး ရရှိမည့် ၁၉၄၈ခုနှစ်လောက်တွင် လူမျိုးရေးသည် နိုင်ငံရေး ဦးတည်ချက်၏ အဓိက အဆုံးအဖြတ်ပေးသည့် အရာဖြစ်လာခဲ့သည် (တေလာ ၁၉၈၂)။ လွတ်လပ်ရေး ရရှိခါနီးတွင် တိုင်းရင်းသား လူမျိုးစု ခေါင်းဆောင်များသည် နိုင်ငံရေး၊ စီးပွါးရေး အရင်းအမြစ်များ ရရှိနိုင်ရန် နှင့် ယင်းတို့ကိုယ်စားပြုသည့် အုပ်စုများအတွက် တရားမျှတမှု နှင့် တန်းတူညီမျှ ဆက်ဆံရေးတို့အတွက် တောင်းဆိုမှုများနှင့်အတူ ယင်းတို့၏ လူမျိုးများကို သိမ်းသွင်း စည်းရုံးခဲ့ကြသည်။ မြန်မာ နှင့် တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များအကြား လွတ်လပ်ရေးရယူရာတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ သဘောတူညီချက်တခုကို အောင်မြင်စွာ ရရှိအောင် ဆွေးနွေးညှိနှိုင်းနိုင်ခြင်း မရှိခဲ့သဖြင့် ၁၉၄၀ခုနှစ်များ နှောင်းပိုင်းကာလတွင် လက်နက်ကိုင် အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရသည်။ ကရင်အမျိုးသား အစည်းအရုံး (ကေအန်ယူ) လက်နက်ကိုင်ပုန်ကန်မှု စတင်သည့် ၁၉၄၉ခုနှစ် ဇန်နဝါရီလအချိန်တွင် တိုင်းပြည်သည် နှစ်ပေါင်း၆၀ခန့် ကြာမြင့်ခဲ့သည့် ပြည်တွင်းစစ် လမ်းကြောင်းပေါ်တွင် တည့်တည့်ကြီး တည်ရှိနေပြီ ဖြစ်လေသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွါးခဲ့သည့် လက်နက်ကိုင် ပဋိပက္ခတွင် ကျယ်ပြန့်ပြီး ဆိုးဝါးသည့် လူ့အခွင့်အရေး ချိုးဖေါက်မှုများ ရှိခဲ့သည်ကို ထင်ရှားစွာ တွေ့ရလေသည်။

မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများ နေထိုင်သည့် ကျေးလက်ဒေသများသည် ဗမာလူများစုများက လွှမ်းမိုးချုပ်ကိုင်ထားသည့် စစ်တပ်အစိုးရ(ဟော့မန် ၁၉၉၉) နှင့် တစ်ဒါဇင်ခန့်သော လက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့အစည်းများအကြား ဖြစ်ပွါးခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများ၏ ဆိုးကျိုးများကို နှစ်ပေါင်း၅၀ကျော် ခံစားခဲ့ရပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ ကွန်မြူနစ်များ နှင့် တိုင်းရင်းသား သူပုန်များသည် နိုင်ငံ၏ ဒေသအတော်များများကို ထိန်းချုပ်ထားခဲ့ကြပါသည်။ ၁၉၇၀ခုနှစ်များမှစပြီး လက်နက်ကိုင် အဖွဲ့အစည်းများသည် ယင်းတို့ ကျယ်ပြန့်စွာ ထိန်းချုပ်ထားခဲ့သည့် လွတ်လပ်သည့် နယ်မြေဒေသများကို လက်လွှတ်ခဲ့ရပြီး၊ အကျိုးဆက်အားဖြင့် နယ်စပ်ဒေသများတွင် နိုင်ငံရေး နှင့် လူသားခြင်းစာနာမှုဆိုင်ရာ ပြသနာများကို ဖြစ်ပေါ်စေခဲ့ပါသည်။ မျိုးဆက်ပေါင်းများစွာ ရပ်ရွာအဖွဲ့အစည်းများသည် ဖျက်စီးခြင်း၊ စိတ်ဒဏ်ရာများ ရရှိခြင်း နှင့် နေရပ်စွန့်ခွာထွက်ပြေးရမှုများကို ကြုံတွေ့ခံစားခဲ့ရပါသည်။ ၂၀၁၁ခုနှစ်တွင် နေရပ်စွန့်ခွာထွက်ပြေးရသူ (အိုင်ဒီပီ) စုစုပေါင်း ၅၀၀၀၀၀ခန့် နိုင်ငံ

အရှေ့တောင်ပိုင်း တခုတည်းတွင် ရှိသည်ဟု ခန့်မှန်းကြပြီး၊ ထိုင်း-မြန်မာ နယ်စပ်တလျှောက်ရှိ ဒုက္ခသည်စခန်းများတွင် အများအားဖြင့် ကရင်ဒုက္ခသည် စုစုပေါင်း ၁၅၀၀၀၀ခန့် (တီဘီဘီစီ ၂၀၁၂) နေထိုင်လျက်ရှိသည်ဟု သိရသည်။ ပြီးခဲ့သည့် ၁၂လအတွင်း အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုများအပြီးတွင် နိုင်ငံ အရှေ့တောင်ပိုင်းရှိ နေရပ်စွန့်ခွာထွက်ပြေး အရေ အတွက်သည် သိသာထင်ရှားစွာ လျော့ကျခဲ့သော်လည်း (တီဘီဘီစီ ၂၀၁၂)၊ ကချင် နှင့် ရခိုင်ပြည်နယ်များတွင် လူမျိုးရေး နှင့် ပြည်တွင်းစစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ အရေ အတွက်သည် များစွာတိုးပွါးခဲ့လေသည်။

ပြီးခဲ့သည့် ၁၉၉၀ခုနှစ်များအတွင်းက ရေးထိုးခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် များသည် ပဋိပက္ခဒဏ်ခံ အရပ်သားများကို များစွာ အေးချမ်းစေခဲ့သည်။ ၁၉၈၉ခုနှစ်တွင် ပြိုလဲခဲ့သည့် ဗမာပြည်ကွန်မြူနစ် ပါတီ(စီပီဘီ)ကို ပုန်ကန်ပြီး ခွဲထွက်လာခဲ့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများဖြင့် အဆိုပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို စတင်ခဲ့လေသည်။ အဆိုပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချုပ်ဆိုထားကြသည့် အဖွဲ့များတွင် အင်အား ၂၀၀၀၀ရှိ ဝပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ (ယူဒဗလျူအက်စ်အေ) လည်းပါဝင်သည်။ ယင်းသည် မြန်မာနိုင်ငံတွင် အင်အားအကြီးမားဆုံး လက်နက်ကိုင် အဖွဲ့အစည်း ဖြစ်လာခဲ့လေသည်။ အခြားသော အဓိက အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ ချုပ်ဆိုထားကြသည့် အဖွဲ့များမှာ ကချင်လွတ်မြောက်ရေးတပ်မတော် (၁၉၉၄) နှင့် မွန်ပြည်သစ်ပါတီ (အန်အမ်အက်စ်ပီ ၁၉၉၅)တို့လည်း ပါဝင်သည်။ အဆိုပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ (စုစုပေါင်း ၂၅ဖွဲ့ခန့်ရှိ) ချုပ်ဆိုထားမှုကြောင့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာ ရပ်ရွာအဖွဲ့အစည်းများတွင် အရပ်ဘက်အဖွဲ့အစည်းများ (ပြန်လည်) ပေါ်ပေါက် လာခဲ့လေသည် (South ၂၀၀၈: အခန်း ၅)။ သို့သော်လည်း စစ်အစိုးရသည် တိုင်းရင်းသား ကိုယ်စားလှယ်များ၏ နိုင်ငံရေး တောင်းဆိုမှုများကို ဆွေးနွေးညှိနှိုင်းရန် စိတ်မပြင်းပြခဲ့ချေ။ ထိုအတွက်ကြောင့် အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများ ရှိခဲ့သော်လည်း၊ ၁၉၉၀ခုနှစ်များအတွင်းက ချုပ်ဆိုခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များသည် တိုင်းရင်းသား အမျိုးသားရေးဝါဒီများ နှင့် အစိုးရတို့အကြား ရှိနေသည့် မယုံကြည်မှုကို မဖယ်ရှားနိုင်ခဲ့ချေ (Transnational Institute ၂၀၁၂)။ ၂၀၀၉ခုနှစ်တွင် အစိုးရ တပ်မတော် စစ်တိုင်းမှူးများ၏ တိုက်ရိုက် ကွပ်ကဲမှုအောက်တွင်ထားရှိမည့် နယ်ခြားစောင့်တပ်ဖွဲ့များအဖြင့် အပစ်အခတ်ရပ်စဲ ထားသည့် လက်နက်ကိုင် အဖွဲ့များကို ပြောင်းလဲခိုင်းသည့်အခါတွင် အစိုးရ နှင့် အပစ်အခတ်ရပ်စဲထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ယုံကြည်မှုသည် ပိုမိုပျက်ပြား ခဲ့လေသည်။ သို့သော်ငြားလည်း ယူဒဗလျူအက်စ်အေ၊ ကိုးကန့်၊ ကေအိုင်အို နှင့် အန်အမ်အက်စ်ပီ အပါအဝင် အင်အားကောင်းသည့် အပစ်အခတ်ရပ်စဲထားသည့် လက်နက်ကိုင် အဖွဲ့ အစည်းများသည် အဆိုပါ နယ်ခြားစောင့်တပ် အစီအစဉ်ကို ဆန့်ကျင်ခဲ့ကြသည်။ မြန်မာ့တပ်မတော်သည် ကိုးကန့်အဖွဲ့အား အင်အားဖြင့် အနိုင်ယူခဲ့ပြီး လက်နက်ဖြုတ်ခဲ့လေသည်။ ပြီးလျှင် နိုင်ငံတော်ထိန်းချုပ်မှုအောက်ရှိ ပြည်သူ့စစ်အဖြစ် ဖွဲ့စည်းပေးခဲ့လေသည်။ မြန်မာ့တပ်မတော် နှင့် ကေအိုင်အိုအကြား တိုက်ပွဲများ ပြန်လည် ဖြစ်ပွါးခဲ့သည်

(၂၀၁၁နှစ်လည်ပိုင်းမှစတင်ပြီး)။ ယူဒဗယူအက်စ်အေ နှင့် အန်အမ်အက်စ်ပီတို့ကိုတော့ အရင်အတိုင်း ထားရှိခဲ့လေသည်။

၂၀၁၀နိုဝင်ဘာလတွင် စစ်တပ်ကျောထောက်နောက်ခံဖြင့် အာဏာရရှိလာသည့် အရပ်သားတပိုင်း အစိုးရအဖွဲ့သည် အတိတ်က အစိုးရများဖြင့် လုံး၀ မတူသည်ကို တွေ့ရသည်။ အတိုက်အခံ အဖွဲ့အစည်းများသည် (လက်နက်ကိုင် အဖွဲ့အများစု နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့် အချက်အချို့ကို ဆက်လက် ကန့်ကွက်လျက် ရှိသော်လည်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေအား တိုင်းရင်းသားလူမျိုးများ အဓိက နေထိုင်သည့် ပြည်နယ်၇နှစ်ခုအား အကန့်အသတ်ဖြင့် အာဏာကို ခွဲဝေပေးသည်ဟု ရှုမြင်ကြလေသည်။ ၂၀၁၀ ရွေးကောက်ပွဲများသည် ကြီးမားသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအတွက် အလားအလာမရှိဟု သုံးသတ်ပြီး၊ အောင်ဆန်းစုကြည် နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်တို့က သပိတ်မှောက် ခဲ့ကြသည်။ တနိုင်ငံလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အတိုက်အခံပါတီ မရှိသည့်အတွက် စစ်တပ်ကျောထောက်နောက်ခံ ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီသည် ပြည်ထောင်စု အဆင့် လွှတ်တော်နှစ်ရပ်စလုံး (အထက် နှင့် အောက်လွှတ်တော်များ) နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် ၁၄ခုစလုံးတွင် အမတ်နေရာ အများဆုံးရရှိပြီး လွှမ်းမိုး ထားနိုင်ခဲ့သည်။ မှတ်သားဘွယ်ရာမှာ လွတ်လပ်သည့် တိုင်းရင်းသား ပါတီများမှ ကိုယ်စားလှယ် ၁၈၂ဦးတို့ ရွေးကောက်ပွဲများတွင် အနိုင်ရရှိခြင်း ဖြစ်လေသည်။

ထိုအတောအတွင်း ဒေသဆိုင်ရာ သံတမန် အခင်းအကျင်းတွင် မြန်မာနိုင်ငံအား အာဆီယံ ဥက္ကဋ္ဌ ရာထူးကို ၂၀၁၄ခုနှစ်တွင် ရယူရန် အာဆီယံ အဖွဲ့ကြီးမှ ၂၀၁၁ခုနှစ် နိုဝင်ဘာလတွင် တာဝန် ပေးအပ်ခဲ့လေသည်။ မြန်မာအစိုးရများသည် ပထဝီနိုင်ငံရေးဆိုင်ရာ နေရာယူမှုများ နှင့် သဘာဝ သံယံဇာတများ ရှာဖွေထုတ်ဖေါ်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းဖြင့် ဒေသဆိုင်ရာ နိုင်ငံများ မိမိတို့အစိုးရများကို ထောက်ခံအားပေးရန်၊ အိန္ဒိယ၊တရုတ် နှင့် အာဆီယံ (အထူးသဖြင့် ထိုင်း)တို့အကြား ချိန်ခွင်လျှာညှိခြင်းကို ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်သည်ကို တွေ့ရသည် (ရောဘတ် ၂၀၁၀၊ သန့် ၂၀၁၁)။ ၂၀၁၁ခုနှစ်တွင် မြန်မာအစိုးရသည် တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုမှ ကင်းဝေးရန်၊ ခပ်ခွာခွာနေခဲ့သည်။ ထိုကဲ့သို့ တရုတ်လွှမ်းမိုးမှုမှ ဖယ်ခွာခြင်းကို အမေရိကန်နိုင်ငံမှ အကျိုးအမြတ် ဖြစ်ထွန်းရန် အားတက်သရော ရှိလေသည် (နိုင်ငံတကာ ပဋိပက္ခ အဖွဲ့ ၂၀၁၂)။ အသစ်ပေါ်ထွန်းလာသည့် နိုင်ငံရေး အနေအထားသည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး ရရှိရန် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့သည်။ သို့သော်လည်း ကျော်ဖြတ်ရမည့် စိန်ခေါ်မှု အများအပြားလည်း ရှိဆဲဖြစ်လေသည်။

# ၂၀၁၂: ငြိမ်းချမ်းရေး အလားအလာများ

မြန်မာနိုင်ငံသည် ၁၉၆၂ခုနှစ် စစ်တပ်မှ အာဏာသိမ်းယူသည့် အချိန်မှစတင်ပြီး မည်သည့် အခါနှင့်မျှ မတူညီသည့် နိုင်ငံရေး ပြောင်းလဲမှုများကို ကြုံတွေ့နေရလေသည်။ သမ္မတ ဦးသိန်းစိန်သည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ဦးဆောင်လျက်ရှိပြီး၊ လက်နက်ကိုင် အဖွဲ့အစည်း နှစ်ဒါဇင်ကျော်မှ အများစုဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၊ နဂိုမူလ အပစ်အခတ်ရပ်စဲရေးများကို ပြန်လည်အတည်ပြုခြင်းများ နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး လုပ်ငန်းစဉ် စတင်ရန်တို့ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အနှစ်သာရကို သမ္မတ၏ ၂၀၁၁ခုနှစ် မေလ၁ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတွင် တွေ့ရနိုင်သည်။ သမ္မတက အားလုံးပါဝင်နိုင်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို(မေလ၂ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ) ချပြခဲ့လေသည်။ နိုင်ငံ၏ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတော် အကြီးအကဲမှ တိုင်းရင်းသား အတိုက်အခံ အဖွဲ့များ၏ အဓိက တောင်းဆိုချက်များကို မူအားဖြင့် လက်ခံခဲ့လေသည်။ ယင်းတို့မှာ ဖယ်ဒရယ်နိုင်ငံတော် နှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ဖြစ်နိုင်ချေများ သို့တည်းမဟုတ် သိသာထင်ရှားသည့် အာဏာကို ဒေသန္တရ အစိုးရများသို့ ခွဲဝေပေးရေးတို့ ဖြစ်သည်။

ယင်းမိန့်ခွန်းအပြီး လအနည်းငယ်အတွင်း အစိုးရသည် လွှတ်တော်အား ယင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခွင့်ပြုခြင်း၊ နိုင်ငံရေး အကျဉ်းသားများအား လွှတ်ပေးခြင်း၊ အတိုက်အခံ အုပ်စုများဖြင့် နားလည်မှု တည်ဆောက်ခြင်း (ဥပမာ ဒေါ်အောင်ဆန်းစုကြည် နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်)၊ လူထုလှုပ်ရှားမှုကို အစိုးရ၏ တုန့်ပြန်မှု (ဥပမာ သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုဘဝကို ဖျက်ဆီးနိုင်သည့် အခြေခံ အဆောက်အအုံများ တည်ဆောက်ရေး စီမံချက်များကို ဆိုင်းငံ့ခြင်း) နှင့် ဆင်ဆာ နှင့် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ဆိုင်ရာ ဖြေလျှော့မှုများ အပါအဝင် ပြုပြင်ပြောင်းလဲရေးများကို အကောင်အထည် ဖေါ်ခဲ့သည်။ ထိုပြုပြင်ပြောင်းလဲရေးများ၏ အဓိက နမိတ် သင်္ကေတမှာတော့ ၂၀၁၂ခုနှစ် ဧပြီလ ၁ရက်နေ့တွင် ကျင်းပခဲ့သည့် ကြားဖြတ် ရွေးကောက်ပွဲများတွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က ဝင်ရောက် အရွေးခံခဲ့ပြီး လစ်လပ်သည့် အမတ်နေရာများတွင် ၂နစ်ရာမှလွဲ၍ အားလုံးကို အနိုင်ရရှိခြင်း ဖြစ်လေသည်။

သို့သော်ငြားလည်း ထိုအလျင်အမြန် ပြုပြင်ပြောင်းလဲနေသည့် အချိန်အတွင်း အခြား အပြုသဘော မဆောင်သည့် တိုးတက်ဖြစ်ပေါ်မှုများလည်း ရှိသည်ကို တွေ့ရသည်။ ၂၀၁၁ခုနှစ် ဇွန်လတွင် မြန်မာပြည် မြောက်ပိုင်းရှိ အဓိက ကချင်လက်နက်ကိုင် အဖွဲ့အစည်း ကေအိုင်ကို စစ်ရေးအရ

ထိုးစစ်ဆင်မှုများ စတင်ခဲ့ပြီး၊ ၁၇နှစ်နှစ်ကြာ အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ခဲ့လေသည်။ လက်နက်ကိုင် ပဋိပက္ခ ပြန်လည် ဖြစ်ပွါးခြင်း၏ အကျိုးရလာဒ်အဖြစ် မြန်မာ-တရုတ် နယ်စပ်တလျှောက် လူပေါင်း ၈၀၀၀၀ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး၊ ထောင်ပေါင်းများစွာသော နေရပ်စွန့်ခွာထွက်ပြေးရသူများလည်း တိုက်ပွဲများ ဖြစ်ပွါးနေသည့် နယ်မြေများအတွင်း နှင့် အစိုးရ ထိန်းချုပ်ထားသည့် နယ်မြေများတွင် ရှိနေလေသည် (လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ ၂၀၁၂)။

သို့သော်ငြားလည်း ၂၀၁၁ခုနှစ်နှောင်းပိုင်း နှင့် ၂၀၁၂ခုနှစ်တွင် ဝ၊ မိုင်းလား၊ ချင်း၊ ရှမ်း၊ ပအို့ဝ်အပါအဝင် လက်နက်ကိုင် အဖွဲ့အစည်းများဖြင့် အကြို အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်များ သို့တည်းမဟုတ် လက်ရှိ အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များဖြင့် ပြန်လည်အတည်ပြုခြင်းများကို ပြုလုပ်ခဲ့ကြသည်။ အဆိုပါ ထင်ရှားသည့် ဖြစ်ပေါ် တိုးတက်မှုများသည် နဂို ရှုပ်ထွေးပြီးသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ အနေအထားကို ပိုမို ရှုပ်ထွေးသွားစေသည်။ ၂၀၁၂ခုနှစ် နှစ်လည်ပိုင်းတွင် အဓိက လက်နက်ကိုင် အဖွဲ့အစည်း ၁၁ဖွဲ့အနက် ကေအိုင်အိုမှလွဲ၍ ၁၀ဖွဲ့ဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိခဲ့ လေသည်။ အခြား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ အနေအထားသည် ပိုမို မသေချာ မရေရာပေ။ ကျန်နယ်ခြားစောင့်တပ်ဖွဲ့များသည် (အချို့သော လက်နက်ကိုင်အဖွဲ့များ၏ အဖွဲ့ဝင်များသည် တောပြန်ခိုခြင်း သို့မဟုတ် အရပ်သားအဖြစ်ခံယူခြင်းရှိ) အနည်းဆုံး အမည်ခံ မြန်မာ့ တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိလေသည်။ ထိုအစိုးရလက်အောက်ခံ နယ်ခြားစောင့်တပ် တပ်ရင်းပေါင်း ကရင်ပြည်နယ်တခုတည်းတွင် ၁၅တပ်ရင်း ရှိလေသည်။ နယ်စပ်ဒေသများတွင် (ရှမ်းပြည်နယ် တခုတည်းတွင် မဟုတ်သော်လည်း အထူးသဖြင့် ရှမ်းပြည်နယ်တွင်) ဒေသခံ ပြည်သူ့စစ်များသည် စီးပွါးရေးအရ၊ စစ်ရေးအရ အတော် အာဏာ ရှိလေသည်။ ၄င်းတို့သည် မြန်မာ့တပ်မတော်နှင့် မဟာမိတ် ပြုလုပ်၍၊ အဖွဲ့တော်တော် များများသည် မှောင်ခိုလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေခဲ့ကြသည် (အထူးသဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း)။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများဖြင့်သာ အပစ်အခတ်ရပ်စဲရေးများ ပြုလုပ်ခဲ့သည် မဟုတ်ချေ။ ၂၀၁၂ခုနှစ် နှစ်လယ်ပိုင်း နှင့် နှစ်ကုန်ခါနီးတွင် ဝန်ကြီး ဦးအောင်မင်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ တပ်ဦး (အေဘီအက်စ်ဒီဖက်ဖ်) နှင့်လည်း တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ တပ်ဦး (အေဘီအက်စ်ဒီဖက်ဖ်)သည် ၁၉၈၈ခုနှစ် ဒီမိုကရေစီ လှုပ်ရှားမှုများကို စစ်တပ်မှ ရက်စက်ကြမ်းကြုတ်စွာ နှိမ်နင်းအပြီး နယ်စပ် ဒေသများသို့ တိမ်းရှောင်လာကြသော မြို့ပေါ်အခြေစိုက် ဒီမိုကရေစီ လှုပ်ရှားသူ ကျောင်းသား များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပြီး၊ ယင်းသည် စစ်အစိုးရကို ဆန့်ကျင် တိုက်ခိုက် နေသည်မှာ နှစ်ပေါင်း၂၅နှစ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်လေသည် (အဆိုပါ ၂၅နှစ်တာ ကာလအတွင်း အေဘီအက်စ်ဒီအက်ဖ်သည် ခေါင်းဆောင်ပိုင်း နှင့် မူဝါဒပိုင်းတွင် အပြောင်းအလဲများစွာ ရှိခဲ့လေသည်)။ ထိုအပြင် ၂၀၁၂ခုနှစ်အတွင်း ပြည်ပြေး ဒီမိုကရေစီ ထောက်ခံသူ

နိုင်ငံရေးသမားများ နှင့် လှုပ်ရှားသူများသည် အစိုးရနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြပြီး၊ အကျိုးရလာဒ်အားဖြင့် ၄င်းတို့ထဲမှ ထင်ရှားသည့် ပုဂ္ဂိုလ်များ ပြည်တော်ပြန်ခဲ့ကြသည်။ အချို့သော အဆိုပါ ပုဂ္ဂိုလ်များသည် ထိုင်း၊ အိန္ဒိယ နှင့် အနောက်နိုင်ငံများတွင် ဆယ်စုနှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြသူများ ဖြစ်လေသည်။

၂၀၁၂ခုနှစ် ကုန်ဆုံးခါနီး အချိန်ထိ သမ္မတ၏ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် သမ္မတရုံး ဝန်ကြီး ဦးအောင်မင်းသည် (အငြိမ်းစား ဗိုလ်ချုပ် နှင့် ယခင် မီးရထား ဝန်ကြီးဟောင်း) လက်နက်ကိုင် အဖွဲ့အစည်းများကို မဟာမိတ် တပ်ပေါင်းစု အနေဖြင့် ဆွေးနွေးမှု မပြုဘဲ၊ တစ်ဖွဲ့ချင်းစီသာ ဆွေးနွေးညှိနှိုင်းသည့် မူဝါဒကို ကိုင်စွဲ ထားခဲ့သည်။ ဦးအောင်မင်း၏ လုပ်ငန်းတာဝန်များ နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖေါ်ဆောင်ရေးအဖွဲ့တို့အား အစိုးရတပိုင်းဖြစ်သည့် မြန်မာ့ငြိမ်းချမ်းရေး ဗဟိုဌာနမှ စတင်တည်ထောင်သည့် အချိန် ၂၀၁၂ခုနှစ် အောက်တိုဘာလမှ စတင်၍ ပံ့ပိုးကူညီခဲ့လေသည်။ မြန်မာ့ငြိမ်းချမ်းရေး ဗဟိုဌာနသည် ယခင် အစိုးရ မဟုတ်သည့် အဖွဲ့အစည်း အန်ဂျီအို မြန်မာ အီးဂရက်စ်၏ ငြိမ်းချမ်းရေး အထောက်အကူပြု လုပ်ငန်းများကို မူဘောင်ချမှတ် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများဘက်တွင် ရောယှက်ဆက်နွယ်နေသည့် မဟာမိတ် အဖွဲ့၂ဖွဲ့ကို ၄င်းတို့အား ကိုယ်စားပြု၍ ဖွဲ့စည်းတည်ထောင်ထားပါသည်။ ယင်းတို့မှာ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ကောင်စီ (လက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်ဘက် နှင့် နိုင်ငံရေး အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် ကျယ်ပြန့်သည့် တိုင်းရင်းသား အတိုက်အခံ မဟာမိတ်အဖွဲ့) နှင့် ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖယ်ဒရယ် ကောင်စီ (၂၀၁၂ခုနှစ် မတိုင်မီထိ အပစ်အခတ်ရပ်စဲရန် သဘောမတူညီခဲ့သော ထင်ရှားသည့် လက်နက်ကိုင် အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် ယူအန်ဖက်ဒ်စီခေါ် မဟာမိတ်အဖွဲ့ တို့ဖြစ်သည်။

လေ့လာသုံးသပ်သူများ နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်သည့် ဇာတ်ကောင် အများစုက ဦးအောင်မင်း နှင့် သူ၏အဖွဲ့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် အလေးအနက်ရှိသည်ဟု လက်ခံယုံကြည်ထားကြသည်။ သို့သော်လည်း ယင်းတို့၏ လုပ်ဆောင်နိုင်စွမ်း အပေါ်တွင်တော့ သံသယ ရှိကြလေသည်။ အစိုးရအပေါ်တွင် ယုံကြည်မှု အထူး ကင်းမဲ့လျက် ရှိနေသေးသည်။ အထူးသဖြင့် မြန်မာ့ တပ်မတော်ကို ဖြစ်လေသည်။ စိတ်ဓါတ်ကျဆင်းခြင်း နှင့် နစ်နာချက်များသည် တိုင်းရင်းသား လူမျိုးများ နေထိုင်ရာ ဒေသများတွင် ဆိုးဝါးစွာ ဖြစ်ပေါ်လျက် ရှိပြီး ယင်းတို့ကို ဖြစ်စေသည့် အကြောင်းရင်းများကတော့ ဆိုးဝါးသည့် ဆင်းရဲမွဲတေမှု၊ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း နှင့် လက်နက်ကိုင် ပဋိပက္ခများအတွင်း ကျယ်ပြန့်သည့် လူ့အခွင့်အရေး ချိုးဖေါက်မှုများကြောင့် ဖြစ်လေသည်။ ယင်းဒေသများတွင် ဗဟို အစိုးရ၏ အာဏာကို ကိုယ်စားပြုသည့် အဖွဲ့အစည်းမှာ မြန်မာ့ တပ်မတော်သာ ဖြစ်ပြီး၊ ဒေသခံများက လက်နက်ကိုင် အဖွဲ့အစည်းများ၏ အုပ်ချုပ်ရေး ဌာနများအား အစိုးရ သို့မဟုတ် တပ်မတော်တို့ထက် ပို၍ တရားဝင်သည် ယင်းတို့အား ကိုယ်စားပြုသည်ဟု ယူဆထားကြသည်။

သို့သော်ငြားလည်း ဒေသခံ ရပ်ရွာအဖွဲ့အစည်း အများအပြားသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အသီးအပွင့်များကို ရရှိ ခံစားခဲ့ကြရသည်။ အပစ်အခတ် ရပ်စဲရေး ခိုင်မြဲနေသည့် နယ်မြေ ဒေသများတွင် ခရီး သွားလာရန် ယခင်ကထက် ပိုမို လွယ်ကူလာခဲ့သည်။ ယခင်က ရွာသူရွာသားများ အနေဖြင့် စစ်တပ် နှင့် သောင်ကျန်းသူများ၏ မတရား ပြုကျင့်မှု ခံရမည်ကို စိုးရိမ် ကြောက်ရွံ့နေခဲ့ကြရသည်။ ၂၀၁၂ခုနှစ်တွင် ခရီး သွားလာမှုများအပေါ် တားမြစ်ချက်များကို သိသာစွာ ဖြေလျှော့ပေးခဲ့သည့်အတွက် ရွာသူရွာသားများ အနေဖြင့် ယခင်ကထက် ပိုမို လွတ်လပ်စွာ သွားလာနိုင်သလို၊ ယင်းတို့၏ လယ်ယာမြေများတွင်လည်း အချိန်များစွာ နေထိုင် နိုင်ခဲ့သည်။ ယင်းတို့၏ လယ်ယာမြေများမှ ထွက်ကုန်များကိုလည်း ဈေးကွက်သို့ တင်ပို့ ရောင်းချ နိုင်ခဲ့သည်ကို တွေ့ရသည်။ နိုင်ငံရေး ခေါင်းဆောင်များအတွက် အဆိုပါ အကျိုးကျေးဇူးများသည် သိသာထင်ရှားသည့် အရာများ မဟုတ်ဟု ယူဆနိုင်သော်လည်း၊ ဒေသခံ ပြည်သူများအတွက် အင်မတန် ကြီးမားသည့် အကျိုးကျေးဇူးများ ဖြစ်လေသည်။ သို့သော်ငြားလည်း ပဋိပက္ခဒဏ်ခံ နယ်မြေ ဒေသများတွင် လူ့အခွင့်အရေး အခြေအနေသည် နိုင်ငံတကာ စံချိန်စံနှုန်းများဖြင့် ကိုက်ညီရန် များစွာ တိုးတက်ရန် လိုအပ်လျက်ရှိသေးသည်။

ထိုအတောအတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် နိုင်ငံတော်အဆင့် ခေါင်းဆောင်ပိုင်း၏ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်နိုင်မှု အပေါ် များစွာ တည်မှီ နေလေသည်။ အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကို နှောင့်ယှက်နေသည့် အရာများကတော့ အမြစ်တွယ်နေသည့် ရှေးရိုးစွဲ-အာဏာရှင် အဖွဲ့အစည်း ယဉ်ကျေးမှု နှင့် နည်းပညာ လိုအပ်မှုတို့ ဖြစ်လေသည်။ မြန်မာ့ တပ်မတော်အနေဖြင့် ချမှတ်ထားသည့် မူဝါဒများကို အကောင်အထည်ဖော်ရန် နှင့် အရပ်သား အဖွဲ့အစည်းများကို ထူထောင်ရန် လိုအပ်လေသည်။ သမ္မတသည် ကတိကဝတ် များစွာကို ပေးအပ်ခဲ့ပြီး ဖြစ်လေသည်။ ပြည်သူများတွင် မျှော်လင့်ချက်များသည် တိုးပွါးလျက်ရှိပြီး၊ အပြောင်းအလဲနှင့် ပတ်သက်ပြီး ဆွေးနွေးပြောဆိုမှုများ ရှိနေခဲ့ပါသည်။ အကယ်၍ အစိုးရ နှင့် ယင်း၏မိတ်ဘက်များ အနေဖြင့် ပေးထားသည့် ကတိကဝတ်များအတိုင်း မဆောင်ရွက် နိုင်ပါက ပြည်သူများ အနေဖြင့် စိတ်ပျက်အားလျှော့သွားမည် ဖြစ်လေသည်။ မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်အား ဟင်းပေါင်းအိုး အဖုံးကို ဖွင့်လိုက်သည်နှင့် တူသည်ဟု နှိုင်းယှဉ် နိုင်လေသည်။ နှစ်ပေါင်း၅၀ကျော် တင်းမာမှုများ ဖြစ်ပေါ်နေသည့် လူ့အဖွဲ့အစည်းတွင်၊ လူမျိုးရေး နှင့် အခြား နစ်နာချက်များသည် နောက်ယှက်ဖျက်ဆီးနိုင်သည့် အကျိုးဆက်များ နှင့်အတူ လွယ်လွယ်ကူကူပင် လျှံကျလာနိုင်လေသည်။ နမူနာ တခုပြရလျှင် ရခိုင်ပြည်နယ် ဒေသအချို့တွင် မကြာသေးမီက ဖြစ်ပွါးခဲ့သည့် အကြမ်းဖက်မှုများ နှင့် လူမျိုးရေး မုန်းတီးမှုတို့ပင် ဖြစ်သည်။ အဆိုပါ အဖြစ်အပျက်များက ကျွန်ုပ်တို့အား ပဋိပက္ခသည် အစိုးရ၊ မြန်မာ့ တပ်မတော် နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ အကြားတွင်သာ ရှိသည်မဟုတ်ဘဲ၊ တိုင်းရင်းသား လူမျိုးစု အသိုင်းအဝိုင်းများအကြားတွင်လည်း လူမျိုးရေး အကြမ်းဖက်မှုများ ရှိနိုင်သည်ဆိုသည်ကို ဖြစ်လေသည်။ ကြောက်မက်ဘွယ် အကြမ်းဖက်မှုများ ရခိုင်ပြည်နယ်တွင် ဖြစ်ပွါးမှုသည် ဤစာတမ်းဖြင့် တိုက်ရိုက် မသက်ဆိုင်သည့် ရှုပ်ထွေးသည့် ကိစ္စရပ် ဖြစ်လေသည်။ လူမျိုးခြား များအား မယုံကြည်မှု၊ နိုင်ငံသားဖြစ်မှုဆိုင်ရာ နိုင်ငံရေး၊ လူဝင်မှု ကြီးကြပ်ရေး နှင့်

ကိုယ်စားပြုမှုတို့ဖြင့် သက်ဆိုင်သည့် ကိစ္စရပ် ဖြစ်လေသည်။ အဆိုပါ ပြသနာများအား ဒေသဆိုင်ရာ နှင့် နိုင်ငံတော်အဆင့် နိုင်ငံရေးသမားများက ယင်းတို့အား ထောက်ခံမှု ရရှိအောင် စည်းရုံးလှုပ်ဆော်မှုတို့ကြောင့် ပိုမိုဆိုးဝါးစေခဲ့သည်။ အဆိုပါ အဖြစ်အပျက်များသည် နဂိုမူလ တင်းမာမှုများကို အသုံးချ၍ ပြုပြင်ပြောင်းလဲရေးများကို ဖျက်ဆီးရန် အကြမ်းဖက်မှုများကို သွေးထိုးလှုံ့ဆော်နေသည့် ဘေးမှ အဖျက်များထဲမှ အချို့ဖြစ်လေသည်။ ယင်းအဖျက်များတွင် ယခင် အစိုးရတွင်းမှ ပြောင်းလဲမှု အတိုင်းအတာ နှင့် မြန်နှုန်းကို မကြိုက်နှစ်သက်သူများလည်း ပါဝင်လေသည်။ သို့သော်လည်း ယင်းတို့သည် လတ်တလောတွင် ဘေးဖယ်ခံရထားခြင်း နှင့်/သို့မဟုတ် စီးပွါးရေး မက်လုံးများဖြင့် စည်းရုံးသိမ်းသွင်းထားခြင်းတို့ ခံထားရကြပါသည်။

# မြန်မာအစိုးရ နှင့် တပ်မတော်

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အဓိက စိုးရိမ်ပူပန်စရာ ရှိသည်မှာ အစိုးရ ငြိမ်းချမ်းရေး ကိုယ်စားလှယ်များက သဘောတူ ချမှတ်ထားသည့် လမ်းစဉ်အတိုင်း မြန်မာ့ တပ်မတော်က မလိုက်နာမည်ကို ဖြစ်လေသည်။ ဥပမာပြရလျှင် ရှမ်းပြည်တောင်ပိုင်း တပ်မတော်ဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ၃ကြိမ် ကျင်းပအပြီးတွင်၊ တိုက်ပွဲပေါင်း ၃၀ (မကြာသေးမီ မေလ၁၉ရက်နေ့က နောက်ဆုံးတကြိမ်) ဖြစ်ပွါးခဲ့လေသည်။ ရှမ်းလူမျိုး ဒုသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဥက္ကဋ္ဌအဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖေါ်ဆောင်ရေး ကော်မတီတွင် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် နှင့် အခြား အဆင့်မြင့် တပ်မတော် အရာရှိများ (အာဏာထွားသည့် စစ်တိုင်းမှူးများ အပါအဝင်)ကို ထည့်သွင်းခြင်းသည် မြန်မာ့ တပ်မတော်၏ ငြိမ်းချမ်းရေးအပေါ် သံန္နိဋ္ဌာန်ချထားမှုကို ပြသရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့သော်လည်း ငြိမ်းချမ်းရေး ရယူထားသည့် နယ်မြေများတွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွါးနေပြီး၊ ယင်းအချက်သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အကျပ်အတည်း ဖြစ်စေလေသည်။ အချို့ နေရာများတွင် လက်နက်ကိုင် အဖွဲ့များ၏ တပ်မှူးများက မြန်မာစစ်တပ်ကို တိုက်ပွါးများ ဖြစ်ပွါးအောင် ရန်စတတ်သော်လည်း၊ အများအားဖြင့် မြန်မာ စစ်တပ်မှ ရန်ရှာခြင်း ဖြစ်လေသည်။

အစိုးရ နှင့် ကေအိုင်အိုအကြား အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ချုပ်ဆိုပြီး ၁၇ခုနှစ် အကြာ ၂၀၁၁ခုနှစ် ဇွန်လတွင် တိုက်ပွဲများ ပြန်လည် ဖြစ်ပွါးနေသည့် ကချင် ပဋိပက္ခသည် အဆိုးဝါးဆုံး ဖြစ်လေသည်။ အကယ်၍ အဆိုပါ ကချင် ပဋိပက္ခကို မဖြေရှင်းနိုင်ပါက ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တခုလုံး နှင့် မြန်မာနိုင်ငံ၏ လက်ရှိ ပြုပြင်ပြောင်းလဲရေး အစီအစဉ် တခုလုံးကိုပါ အန္တရာယ် ကျရောက်နိုင်လေသည်။

နောက်ထပ် သတိထားရမည့် အချက်မှာ သမ္မတ နှင့် သူ၏ ငြိမ်းချမ်းရေး ကိုယ်စားလှယ်များသည် ရိုးသားမှု နှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသား ပဋိပက္ခများ ချုပ်ငြိမ်းရန် အဖြေရှာလိုသည့် ဆန္ဒ ပြင်းပြစွာ ရှိသည်ဆိုသည်မှာ ထင်ရှားသော်လည်း၊ ယင်းတို့၏ ပြသနာများအပေါ် နက်နဲစွာ နားလည်မှု မရှိခြင်း ဖြစ်လေသည်။ ဤသည်မှာလည်း အထူးအဆန်း မဟုတ်ပေ။ ယင်းတို့အားလုံး သည် အငြိမ်းစား တပ်မတော် အရာရှိကြီးများဖြစ်သလို၊ ဗမာ လူများစု အဖွဲ့ဝင်များလည်း ဖြစ်သောကြောင့် ဖြစ်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ပိုမို လေးနက်သည့် အဆင့်သို့ ရောက်ရှိရန်၊ မြန်မာ နိုင်ငံရေး ခေါင်းဆောင်များသည် တိုင်းရင်းသားများ၏ လိုလားချက်များ ပိုမို နက်နဲစွာ နားလည်ရန် လိုအပ်သည်။ ထိုအပြင် ယင်းတို့အား ကိုယ်ချင်းစာမှု နှင့်/သို့မဟုတ် ထိုကဲ့သို့ ကိုယ်ချင်းစာ နားလည်သူများကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထည့်သွင်းခြင်းတို့ ပြုလုပ်ရန်လည်း လိုအပ်သည်။

အထူးသဖြင့် အစိုးရ ကိုယ်စားလှယ်များသည် တိုင်းရင်းသား ပဋိပက္ခ ဖြစ်ရခြင်း အကြောင်းရင်းမှာ စီးပွါးရေး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းကြောင့် ဖြစ်သည်ဟု ပြောဆိုခြင်းကြောင့် တိုင်းရင်းသား ခေါင်းဆောင် အချို့နှင့် မိတ်ပျက်ခဲ့ရသည်။ သင့်တင့်သည့် ဖွံ့ဖြိုးတိုးတက်မှုသည် ဝေးလံပြီး ပဋိပက္ခဒဏ်ခံ ဒေသများအတွက် လိုအပ်သည်ဆိုသည်မှာ သေချာသော်လည်း၊ ယင်းသည် တိုင်းရင်းသား ပဋိပက္ခ၏ အဓိက အကြောင်းရင်းတော့ မဟုတ်ချေ။ တိုင်းရင်းသား လူနည်းစုများအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် နှင့် လူ့အခွင့်အရေးများအား လေးစားလိုက်နာမှုသည် ဖွံ့ဖြိုးရေး ရံပုံငွေများ သို့မဟုတ် စီးပွါးရေး အခွင့်အလမ်းများ ရရှိခြင်းထက် ပိုမို အရေးကြီးလေသည်။

ဤလေ့လာသုံးသတ်ချက်သည် အမျိုးသား ရင်ကြားစေ့ရေး နှင့်ပတ်သက်ပြီး ကျယ်ပြန့်သည့် စိုးရိမ်ပူပန်မှုကို ဖြစ်စေပါသည်။ အစိုးရ နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား အပစ်အခတ် ရပ်စဲရေး နှင့် ငြိမ်းချမ်းရေး သဘောတူစာချုပ်များ ချုပ်ဆိုရန် လိုအပ်သော်လည်း၊ ထာဝရ ငြိမ်းချမ်းရေး ရရှိရန် ယင်းတို့သည် မလုံလောက်ချေ။ လိုအပ်သည်မှာ ဗမာ လူများစု ကိုယ်စားလှယ်များ ပါဝင်ပြီး ယင်းတို့မှ ညီနောင် တိုင်းရင်းသားများဖြင့် ဆက်ဆံရေးများကို ပြန်လည် သုံးသတ်မည့် လေးနက်ပြီး ကျယ်ပြန့်သည့် အမျိုးသား စကားဝိုင်းများဖြစ်သည်။ မကြာသေးမီက ရခိုင်ပြည်နယ်တွင် ဖြစ်ပွါးခဲ့သည့် အကြမ်းဖက်မှုများက ပြည်သူများ၏ ပါဝင်မှု အစဉ်အလာ အနည်းအကျဉ်းသာ ရှိသည့် မြန်မာနိုင်ငံတွင် ထိုကဲ့သို့သော လုပ်ငန်းစဉ်သည် မည်မျှ ခက်ခဲမည်ဆိုသည်ကို ပြသနေလေသည်။

ထိုသတိထားရမည့် အချက်များ ရှိနေသော်လည်း၊ လက်ရှိ အချိန်သည် မြန်မာနိုင်ငံတွင် တိုင်းရင်းသား ပဋိပက္ခများ နှင့် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြောင်းခဲ့ပြီ ဖြစ်သည့် အကြမ်းဖက်မှုများ၏ အမွေဆိုးကို ဖြေရှင်းရန် နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး အခွင့်အလမ်းပင် ဖြစ်လေသည်။ ကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲရေးများလိုပင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည်လည်း သမ္မတ နှင့် သူ၏ အနီးကပ် အကြံပေးများ အပေါ် များစွာ တည်မှီနေလေသည်။ တိုင်းရင်းသား လူမျိုးများဘက်တွင်လည်း လူပုဂ္ဂိုလ်ပေါ် မူတည်သည့် နိုင်ငံရေး နှင့် ကျေးဇူးရှင်-ကျေးဇူးခံ ဆက်ဆံရေးများသည် လွှမ်းမိုးလျက် ရှိလေသည်။

# တိုင်းရင်းသားများ၏ အဓိက ဇာတ်ဆောင်များ

မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများ၏ အသိုင်းအဝိုင်းများသည် အသွေးအရောင် စုံညီလှသည်။ အဓိက ဇာတ်ကောင်များထဲတွင် လက်နက်ကိုင် အဖွဲ့များလည်း ပါဝင်သည်။ ယင်းတို့ထဲတွင် နိုင်ငံရေး ရည်မှန်းချက် အနည်းငယ် သို့တည်းမဟုတ် လုံးဝ မရှိသည့် နယ်မြေခံ ပြည်သူ့စစ်များလည်းပါဝင်သလို (ဥပမာ ရှမ်းပြည်နယ်တွင် အများအပြား ရှိသည်)၊ နိုင်ငံရေးအရ ရင့်ကျင့်သည့် အဖွဲ့အစည်းများလည်း ပါဝင်သည်။ အင်အား အတောင့်တင်းဆုံး ဝပြည် သွေးစည်းညီညွတ်ရေး အဖွဲ့ကဲ့သို့သော ကွန်မြူနစ်ပါတီ မှ ခွဲထွက်လာသည့် အချို့သော အဖွဲ့အစည်းများသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်အတွက် ကြိုးပမ်းနေကျသည့် အဖွဲ့များဖြစ်သည်။ ယင်းတို့၏ ခေါင်းဆောင်များသည် အဓိက စီးပွါးရေး လုပ်ငန်းကြီးများတွင် အကျိုးစီးပွါးများ ရှိနေကြသည် (မူးယစ်ဆေးဝါး ရောင်းဝယ်ရေးတွင်ပါ)။ အခြား အဖွဲ့များသည် နိုင်ငံရေးအရ ပိုမို ရင့်ကျက်မှုရှိပြီး ဖယ်ဒရယ် နိုင်ငံ တည်ထောင်ရေးကို အမြင့်ဆုံး သန္နိဋ္ဌာန် ချထားကြသည်။ ထိုအဖွဲ့များထဲတွင် သမိုင်းကြောင်းအရ နှင့် နိုင်ငံရေးသက်တအရ အရေးကြီးဆုံး လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သည့် ကေအန်ယူ ကဲ့သို့သော အဖွဲ့များလည်း ပါဝင်သည်။ မြန်မာနိုင်ငံရှိ သောင်းကျန်းသူအဖွဲ့များ၏ အကျင့် စရိုက်များကို ကေအန်ယူတွင် တွေ့ရှိရသည်။ ကေအန်ယူသည် ကရင်လူမျိုးများထဲမှ မျိုးနွယ်စုတခု (စကော စကားပြော ခရစ်ယာန် ကရင်များ) ကလွှမ်းမိုးထားသောလည်း၊ ယင်းသည် ခရစ်ယာန်၊ ဗုဒ္ဓဘာသာ နှင့် နတ်ကိုးကွယ်သူ ဘာသာစကားကွဲ အမျိုးမျိုး ပြောဆိုသည့် ကရင်လူမျိုး အားလုံးအား ကိုယ်စားပြုလိုလေသည်။ ကေအန်ယူသည် ကရင်အသိုင်းအဝိုင်း အများအပြား (အထူးသဖြင့် ခရစ်ယာန် ကရင်များ)ကို စည်းရုံးသိမ်းသွင်းနိုင်မှု အားကောင်းသော်လည်း၊ ယင်း၏ ခရစ်ယာန်မဟုတ်သည့် ကရင်များ နှင့် စကောမဟုတ်သည့် ကရင်များကို ကိုယ်စားပြုနိုင်သည့် အရည်အသွေးကတော့ ပြဿနာရှိနိုင်လေသည် (South 2011)။

ထိုအပြင် ကမ္ဘာမှာရှိသည့် လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေကြသည့် လက်နက်ကိုင် အဖွဲ့များလိုပင်၊ မြန်မာနိုင်ငံရှိ လက်နက်ကိုင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ သည်လည်း လက်နက်စွဲကိုင်ရခြင်း အကြောင်းရင်းများတွင် စစ်မှန်သည့် လူမှု-နိုင်ငံရေး နစ်နာချက်များ နှင့် ရည်မှန်းချက်များ ပါဝင်သလို၊ ခိုင်မာသည့် စီးပွါးရေး အကြောင်းရင်းများလည်း ပါဝင်လေသည် (လောဘ နှင့် နစ်နာချက်များ အပေါ် အခြေခံ လှုံ့ဆော်မှုများ)။ ထိုအတွက်ကြောင့် အချို့သော အပစ်အခတ် ရပ်စဲရေး လိုလားသူ လက်နက်ကိုင် အဖွဲ့များမှ ပုဂ္ဂိုလ်များသည် စီးပွါးရေး မက်လုံးများကြောင့် လိုလာခြင်း ဖြစ်သည်ဆိုသည်မှာ မထူးဆန်းပေ။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထောက်ခံအားပေးနေသူများသည် ထိုအချက်များ နှင့် ဆက်စပ်သည့် ထိခိုက် နစ်နာလွယ်သည့် ရပ်ရွာအဖွဲ့အစည်းများ နှင့် အခြား ဆက်စပ်ပတ်သက်သူများ၏ စိုးရိမ် ပူပန်မှုများကိုလည်း သိထားသင့်လေသည် (အောက်တွင် ဖတ်ရှုပါ)။

အခြား အဓိက တိုင်းရင်းသား ဇာတ်ကောင်များထဲတွင် မြေပေါ် တိုင်းရင်းသား နိုင်ငံရေး ပါတီများလည်း ပါဝင်သည်။ ယင်းတို့ထဲမှ အချို့သည် ၂၀၁၀ ရွေးကောက်ပွဲတွင် အမတ်နေရာ အတော်များများ အနိုင်ရရှိခဲ့လေသည်။ သို့သော်လည်း ယင်းတို့အား ယခုအချိန်ထိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ခွင့် မရရှိခဲ့ချေ။ အခြား အရေးပါသည့် အဖွဲ့များကတော့ တိုင်းရင်းသား ရပ်ရွာများ အတွင်းနှင့် အချင်းချင်းတို့တွင် လှုပ်ရှားလုပ်ကိုင်နေကျသည့် အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ (အန်ဂျီအို)၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ(စီဘီအို) နှင့် စနစ်တကျ ဖွဲ့စည်းမထားသည့် အသင်းအဖွဲ့များ နှင့် ရပ်ရွာအခြေပြု ကွန်ရက်များလည်း ပါဝင်လေသည်။ ဘာသာရေးသည် တိုင်းရင်းသား လူမျိုးများ၏ သင်္ကေတလက္ခဏာဖြစ်သည့် နေရာဒေသများတွင် ဘာသာရေး ခေါင်းဆောင်များ နှင့် ယင်းတို့၏ ကွန်ရက်များသည်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ရှိလေသည်။

ပြည်တွင်း ဇာတ်ကောင်များကို ယေဘူယျအားဖြင့် ၂မျိုးခွဲခြား နိုင်လေသည်။ ပြည်တွင်းတွင် လုပ်ငန်းများ ဆောင်ရွက်နေကျသူများ နှင့် နယ်စပ် နှင့် အိမ်နီးချင်း နိုင်ငံများတွင် အခြေစိုက်သည့် အတိုက်အခံ ကွန်ရက်များကို အခြေပြုသူများဟု ၂မျိုး ခွဲခြားနိုင်သည်။ နောက်ဆုံးအုပ်စုကတော့ သာမန် ပြည်သူများ၊ အရပ်သားများဖြစ်သည်။ ယင်းတို့သည် အရေးမကြီးသည်တော့ မဟုတ်ချေ။ လက်နက်ကိုင် ပဋိပက္ခဒဏ်ကို ဆယ်စုနှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည့် တိုင်းရင်းသား ရပ်ရွာ အဖွဲ့အစည်းများ (နေရပ်စွန့်ခွာထွက်ပြေးရသူများ၊ ဒုက္ခသည်များ နှင့် ပြည်ပြေးများလည်း) ပါဝင်သည်။ ယေဘူယျအားဖြင့် မြို့ပေါ် နှင့် နိုင်ငံရပ်ခြား အခြေစိုက် အရပ်ဘက် အဖွဲ့ အစည်းများသည် သတင်း မီဒီယာတွင် မကြာခဏ ဖော်ပြခံကျရပြီး၊ အာဏာပိုင်တို့အား ချဉ်းကပ်ရန်လည်း လမ်းကြောင်းများ ရှိကြလေသည်။ မြို့ပေါ် နှင့် နိုင်ငံခြား အခြေစိုက် အဖွဲ့အစည်းများ နှင့် မတူကွဲပြား ခြားနားသည်ကတော့ ကျေးလက်ဒေသ ရပ်ရွာအဖွဲ့အစည်းများ နှင့် အခြား သာမန် ပြည်သူများသည် ဖယ်ကျဉ်ခြင်း ခံရလေ့ရှိပြီး၊ ဆွေးနွေး ပြောဆိုမှုများတွင်လည်း ယင်းတို့၏ သဘောထားများကို တင်ပြခွင့် မရကြပေ။ ထိုအတွက်ကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အသီးအပွင့်များကို အများဆုံး ခံစားကြရမည့် ဖယ်ကျဉ်ခြင်း ခံထားကြရသည့် ရပ်ရွာအဖွဲ့အစည်းများ၏ အသံသည် စနစ်တကျ ဖွဲ့စည်းထားသည့် (အများအားဖြင့် ရန်ပုံငွေ တောင့်တင်းကြသည်) အတိုက်အခံ နှင့် နိုင်ငံရေး လှုပ်ရှားသူ အဖွဲ့များ၏ ဆူညံသံများကြားတွင် ပျောက်ကွယ်သွားကြလေသည်။

နောက်ထပ် အရေးပါသည့် ဇာတ်ကောင်များကတော့ စီးပွါးရေးကဏ္ဍ ဖြစ်သည်။ အောက်တွင် ဆွေးနွေးထားသကဲ့သို့၊ ဤကဏ္ဍတွင် လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွါးနေသည့် တိုင်းရင်းသားများနေထိုင်ရာ ဒေသများတွင် လုပ်ကိုင်နေကြသည့် နိုင်ငံတော်အဆင့် ပြည်တွင်း (နိုင်ငံတကာ စီးပွါးရေး လုပ်ငန်းကြီး အချို့) ကုမ္ပဏီကြီးများ နှင့် ဒေသခံ ကုမ္ပဏီများလည်း ပါဝင်လေသည်။ ယင်းတို့သည် အစိုးရ၊ မြန်မာ့ တပ်မတော် နှင့် လက်နက်ကိုင် အဖွဲ့အစည်းများမှ စစ်တိုင်းမှူးများ နှင့် ချိတ်ဆက်မှု ရှိကြလေသည်။

ယခု အကျဉ်းချုံး၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဖြင့် ဆက်စပ်ပတ်သက်နေသူများကို တင်ပြခြင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အရေးကြီးသည့် အစိတ်အပိုင်းဖြင့် မိတ်ဆက်ပေးလိုက်ခြင်းပင် ဖြစ်သည်။ လတ်တလောတွင် ဆွေးနွေးပွဲများတွင် လက်နက်ကိုင် အုပ်စု ၂၃ဖြစ်သည့် မြန်မာ့ တပ်မတော် နှင့် လက်နက်ကိုင် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသာ ပါဝင်နေကြသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်အောင် ပြုလုပ်ရန် လိုအပ်ပြီး၊ ဆွေးနွေးပွဲများတွင် နိုင်ငံရေး အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ နှင့် ပဋိပက္ခဒဏ်ခံ ရပ်ရွာအဖွဲ့အစည်းများကို ထည့်သွင်းရန် အရေးကြီးလေသည်။

အချို့သော လက်နက်ကိုင် အဖွဲ့အစည်းများသည် တိုင်းရင်းသား အရပ်ဘက် အဖွဲ့အစည်းများ နှင့် နိုင်ငံရေး အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ နှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်နေကြသည်။ ဒေသခံ များ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်အတွက် အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုထားသော အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များပါ အချက်များကို နှစ်ဘက် အဖွဲ့အစည်းများက လိုက်နာခြင်း ရှိမရှိ စောင့်ကြပ်ကြည့်ရှုရန် ရပ်ရွာ အဖွဲ့အစည်းများကို စုစည်းနိုင်လေသည်။ ဥပမာတင်ပြရလျှင် မေလ ၇ရက်နေ့က မြန်မာ အစိုးရ နှင့် ချင်းအမျိုးသား တပ်ဦးတို့အကြား ချုပ်ဆိုခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် ချင်း ခရစ်ယာန် ဘုရားကျောင်းများမှ အမျိုးသား နှင့် အမျိုးသမီးများကို အပစ်အခတ်ရပ်စဲရေးကို စောင့်ကြပ် ကြည့်ရှုရန် တာဝန်ပေးအပ်ခဲ့လေသည်။ အလားတူ ရပ်ရွာအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ က အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ကြည့်ရှုသည့် အစီအစဉ်များကို ရှမ်း၊ ကယား/ ကရင်နီ နှင့် ကရင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ထည့်သွင်း ဆွေးနွေးလျက် ရှိလေသည်။ တချိန်တည်းမှာပင် မွန်ပြည်သစ်ပါတီ နှင့် ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီတို့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပိုမို သဘောပေါက် နားလည်ရန် နှင့် ဒေသခံများ၏ စိုးရိမ် ပူပန်မှုများကို ပိုမိုသိရှိရန် မွန် နှင့် ကရင်နီ ရပ်ရွာ အဖွဲ့အစည်းများဖြင့် တိုင်ပင်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသည်။

ရပ်ရွာ အဖွဲ့အစည်းများအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်လာစေခြင်းသည်၊ တိုင်းရင်းသား အုပ်စုများ၏ အခြေခံ နစ်နာချက်များ နှင့် မျှော်လင့်ချက်များကို ဖြေရှင်းပေးနိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာမည် ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၏ တိုင်းရင်းသား ပဋိပက္ခများကို ဖြေရှင်းရန်မှာ လက်နက်ကိုင် ရင်ဆိုင်တိုက်ပွဲများကို ရပ်တန့်အောင် ပြုလုပ်ခြင်း တခုတည်းဖြင့် မလုံလောက်ချေ။ စံတန်ဖိုးများ နှင့် အခြေခံ လက္ခဏာများ ပြောင်းလဲရန် လိုအပ်သည်။ အထူးသဖြင့် ဗမာ လူများစုများဘက်မှ ပြောင်းလဲရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသား ပဋိပက္ခကို ဖြေရှင်းရန်အတွက် အခြေခံကျသည့် အချက်ကတော့ မတူကွဲပြားသည့် ငြိမ်းချမ်းရေးနှင့် ဆက်စပ်ပတ်သက်နေသူများထဲမှ အဓိက အုပ်စုများ လက်ခံနိုင်မည့် နိုင်ငံရေး သဘောတူညီချက် ရရှိဘို့ ဖြစ်လေသည်။ အထူးသဖြင့် မြန်မာ အစိုးရ၊ တပ်မတော် နှင့် လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ လက်ခံနိုင်သည့် နိုင်ငံရေး သဘောတူညီချက် ဖြစ်ရမည်။ နိုင်ငံရေး သဘောတူညီချက် ရရှိရန် မြန်မာ အစိုးရ၏ လုပ်ဆောင်ချက်များသည်

အပြုသဘောဆောင်သော်လည်း၊ အတိုက်အခံများက လက်မခံလျှင် အောင်မြင်မှု ရရှိမည် မဟုတ်ချေ။ ဤသည်မှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အဓိက ပြဿနာ ဖြစ်လေသည်။

တိုင်းရင်းသား နိုင်ငံရေးသမားများထဲတွင် အယူအဆ ၂မျိုး၂စား (သို့မဟုတ် စံ ရပ်တည်ချက်များ ) ကိုတွေ့နိုင်သည်။ ပထမ အုပ်စုဝင် နိုင်ငံရေးသမားများသည် လက်နက်ကိုင် ပဋိပက္ခကို အဆုံးမသတ်မီ နိုင်ငံရေး သဘောတူညီချက်ကို အရင် ရယူရန် လိုအပ်သည်ဟု ယုံကြည်ကြသည်။ ဤရပ်တည်ချက်သည် ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖယ်ဒရယ် ကောင်စီ နှင့် ကေအိုင်အို(ကေအိုင်အိုသည် မဟာမိတ် တပ်ပေါင်းစုအပေါ် များစွာ လွှမ်းမိုးနိုင်သည်) တို့၏ ရပ်တည်ချက်ဖြစ်သည်။ ဤ အားလုံးရရင်ရ သို့မဟုတ် တခုမှမယူ ဆိုသည့် ရပ်တည်ချက်ကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများထဲမှ အချို့က စွဲကိုင်ထားကြသည်။ အချို့သော လက်နက်ကိုင် အဖွဲ့များတွင် အဖွဲ့တွင်း တင်းမာမှုများသည် ပဋိပက္ခအဆင့်သို့ ရောက်ရှိခဲ့သည်။ နမူနာပြရလျှင် ကေအန်ယူ ခေါင်းဆောင်ပိုင်းတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆက်လက် တိုက်တွန်း လုပ်ဆောင်လိုသူများ နှင့် ရှေ့ဆက်မသွားလိုသည့် ပိုမို သံသယကြီးသည့် တင်းမာသူများအကြား ကြီးမားသည့် အက်ကွဲကြောင်း ရှိနေလေသည်။ တင်းမာသူများ၏ တောင်းဆိုမှုများသည် ပဋိပက္ခဒဏ်ခံ ရပ်ရွာအဖွဲ့အစည်းများ၏ သဘောထားများကို ရောင်ပြန် ဟပ်တပ်သော်လည်း၊ ယင်းတောင်းဆိုမှုများသည် လက်တွေ့မကျတတ်ပေ။ သို့သော်ငြားလည်း ကမ္ဘာတွင် နိုင်ငံရေး သမားများသည် ယင်းတို့၏ မဲဆန္ဒရှင်များ၏ ထောက်ခံမှု လျော့နည်းသွားမည်ကို သို့မဟုတ် ယင်းတို့၏ လုပ်ရှားမှု အတွင်းမှ ပုဂ္ဂိုလ်များ၏ မလိုလားအပ်သည့် တုန့်ပြန်မှုများ ရရှိမည်ကို စိုးရိမ် ထိပ်လန့်သဖြင့်၊ အခြားတစ်ဘက်က လက်မခံနိုင်သည့် ရပ်တည်ချက်များကိုလည်း စွဲကိုင်တတ်ကြလေသည်။

ထိုအတွက်ကြောင့် လက်နက်ကိုင် အဖွဲ့အစည်း အများအပြားသည် တင်းမာသူများ နှင့် ပိုမို လက်တွေ့ကျသည့် ခေါင်းဆောင်များအကြား ပဋိပက္ခ ဖြစ်ပွါးပြီး အကွဲအပြဲများ ရှိနေလေသည်။ လက်တွေ့ သမားများသည် ရေရှည်တည်တံ့မည့် နိုင်ငံရေး သဘောတူညီချက် ရရှိရန် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ပါဝင် ဆွေးနွေးလိုသည်။ ယင်းတို့အနေဖြင့် ငြိမ်းချမ်းရေး ဆိုသည်မှာ သတိဖြင့် ဖြေးဖြေးချင်း ကောင်းမွန်သည့် ဆက်ဆံရေး တည်ထောင်ခြင်း၊ နှစ်ဘက်စလုံး ရှေ့သို့ တလှမ်းချင်းဆီ တက်လှမ်းပြီး ယုံကြည်မှုကို တည်ဆောက်ခြင်းဖြင့် ဆွတ်ခူးနိုင်သည့် အရာဟု ယူဆသည်။ ဤချည်းကပ်ပုံအရဆိုလျှင် ငြိမ်းချမ်းရေး နှင့် နိုင်ငံရေးအရ အဖြေရှာမှုဆိုသည်မှာ အကြမ်းဖက်မှုများ အဆုံးမသတ်မီ၊ စိတ်ကူးစိတ်သန်းဖြင့် သဘောတူလို့ ရသည့် အရာ မဟုတ်ပေ။ စစ်မှန်သည့် ယုံကြည်မှု နှင့် ငြိမ်းချမ်းရေးသည် အပြန်အလှန် ဆက်ဆံခြင်းဖြင့်သာ ပေါ်ပေါက်လာနိုင်သည်။ သို့သော်လည်း လက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏ ရန်သူများကို ယုံကြည်လာသည့်အခါတွင် ၎င်းတို့၏ သွေးသောက် ရဲဘော်များမှ ယုံကြည်မှု ကင်းမဲ့လာနိုင်သည့် အန္တရာယ် ရှိလေသည်။ ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင် အတိုက်အခံ အဖွဲ့အစည်းများသည် ရန်သူအပေါ် ဘုံ မယုံကြည်မှုဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ထားကျခြင်း ဖြစ်လေသည်။ အဆိုပါ

ဘုံမယုံကြည်မှု လျော့နည်းလာသည့်အခါ ရန်သူဖြင့် အပြန်အလှန် ဆက်ဆံမှုတွင် တက်တက်ကြွကြွ မပါဝင်သူ ခေါင်းဆောင်များ အနေဖြင့် သစ္စာဖေါက်ခံ ရသည်ဟု ခံစား ရနိုင်သည်။ ယင်းပြဿနာကို အားကောင်းသည့် ခေါင်းဆောင်မှု တခုတည်းဖြင့် ကျော်လွှား၍ မရနိုင်ချေ။ ကျယ်ပြန့်သည့် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်များ၊ ပွင့်လင်းမြင်သာမှု နှင့် ကြီးမားသည့် စိတ်ရှည်သီးခံမှုတို့ လိုအပ်လေသည်။

အထက်တွင် ဖေါ်ပြခဲ့သလို မြန်မာနိုင်ငံ၏ လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်ပတ်သက် နေသူအားလုံးသည် နိုင်ငံရေး၊ လူသားချင်းစာနာမှု နှင့် စီးပွါးရေးဆိုင်ရာ လိုအပ်ချက်များ နှင့် လိုလားချက်များ ပေါင်းစပ်ပြီး စေ့ဆော်မှုကြောင့် လက်နက်ကိုင်စွဲ လာကြခြင်း ဖြစ်သည်။ အချို့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည် နေရပ်စွန့်ခွာတိမ်းရှောင်ရသူများ နှင့် ဒုက္ခသည်များ အပါအဝင် ဒေသခံ  ပြည်သူများကို ထိန်းချုပ်ထားလေ့ရှိသည်။ အထူးသဖြင့် ထိုင်းနယ်စပ်တလျှောက် အခြေစိုက်သည့် လက်နက်ကိုင် အဖွဲ့များ ဖြစ်သည်။ ဒုက္ခသည် စခန်းများသည် ယင်းတို့အတွက် တပ်သား  နှင့် ရိက္ခာ စုဆောင်းရေး နေရာများ ဖြစ်လာသည်။ တချိန်တည်းမှာပင် နယ်စပ် အခြေပြု အထောက်အပံ့ ပေးအပ်သည့်  အစီအစဉ်များသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လှုပ်ရှားနေကြသည့် လက်နက်ကိုင် အဖွဲ့အစည်းများကို အတိုင်းအတာ တခုထိ အသိအမှတ်ပြုမှု  ပေးအပ်ခဲ့သည် (South ၂၀၁၁)။ ဒုက္ခသည် စခန်းများ နှင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများကို နယ်စပ်ဖြတ်ကျော် အထောက်အပံ့ပေးသည့် အစီအစဉ်များ ထိုင်းနယ်စပ်တလျှောက် တည်ရှိနေခြင်းသည်  လက်နက်ကိုင် ပဋိပက္ခ တည်မြဲ နေရခြင်း၏ အဓိက အကြောင်းရင်းဟု မဆိုလိုနိုင်သော်လည်း ပြည်တွင်းစစ်၏ ရပ်ရွာအဖွဲ့အစည်းများအပေါ် ရိုက်ခတ်မှုများကို သက်သာစေရန်  ရည်ရွယ်ပြီး အကောင်အထည် ဖေါ်နေကြသည့် အဆိုပါ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ၊ ယင်းတို့ကို ပေးအပ်သည့် အဖွဲ့အစည်းများ နှင့် အလှူရှင်များသည် ပြည်တွင်းစစ် ရှည်ကြာမှုကို အထောက်အကူပြု  နေသူများ ဖြစ်နေလေသည် (South ၂၀၁၂၊ Horstmann ၂၀၁၁)။ နယ်စပ် အခြေပြု ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများအတွက် နိုင်ငံတကာ အထောက်အပံ့များ ပေးအပ်ခြင်းသည် ထိုင်းနယ်စပ်တလျှောက်ရှိ အင်မတန် ထိခိုက်လွယ်သည့် လူသားများကို လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်မှု၏ ရည်ရွယ်မထားသည့် ရလာဒ်တခု (အများအားဖြင့်) ဖြစ်လေသည်။ ထိုကဲ့သို့ ဖြစ်သည်မှာလည်း မြန်မာနိုင်ငံတခုတည်းတွင်သာ မဟုတ်ချေ။ မကြာသေးမီ အချိန်ထိ အလှူရှင်များ အနေဖြင့် အထောက်အပံ့များ ပေးအပ်ရန် အခြား နည်းလမ်းများ သိပ်မရှိချေ။ ငြိမ်းချမ်းရေ လုပ်ငန်းစဉ် အရှိန်အဟုန်  ရလာသည်နှင့်အမျှ ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများကို အထောက်အပံ့များ ပေးအပ်နေသည့် နယ်စပ် အခြေပြု အဖွဲ့အစည်းများ အနေဖြင့် ပေးအပ်သည့် အစီအစဉ်တိုင်းသည် ငြိမ်းချမ်းရေး မြှင့်တင်ရေးကို အထောက် အကူပြုစေရမည်။

လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွါးနေသည့် နေရာဒေသများ အတွင်းရှိ တိုင်းရင်းသား လူမျိုးများ၏ ရပ်ရွာအဖွဲ့အစည်း အများအပြားသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို

ထောက်ခံကြသည် (မျက်စိစုံမှတ်၍တော့မဟုတ်)။ သို့သော်ငြားလည်း လက်နက်ကိုင် အဖွဲ့များ၏ ခေါင်းဆောင်အချို့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆွေးနွေးခြင်းဖြင့် ယင်းတို့ကို ထောက်ခံအားပေးနေကြသည့် ဒေသခံများကို ထိန်းချုပ်ထားနိုင်မှု နှင့် ထောက်ခံအားပေးမှု ဆုံးရှုံးသွားမည်ကို စိုးရိမ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အရပ်သားများသည် အစိုးရ သြဇာ လွှမ်းမိုးမှု ကြီးမားသည့် နေရာဒေသများတွင် ပြောင်းရွှေ့ အခြေချနေထိုင်ကျမည် ဖြစ်သောကြောင့် ဖြစ်သည်။ အခြား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကတော့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား အခွင့်အလမ်း တခုအဖြင့် ရှုမြင်သုံးသပ်သည်။ ယင်းတို့နှင့် အဆက်အသွယ်ပြတ်သွားသည့် ရပ်ရွာအဖွဲ့အစည်းများ နှင့် ပြန်လည် ဆက်ဆံရန်နှင့် ယင်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ ပင်မ နိုင်ငံရေး ရေစီးကြောင်းတွင် ပါဝင်သည့် အဓိက ဇာတ်ကောင်များအဖြင့် ပြန်လည်တည်ဆောက်ရန် ယင်းတို့၏ နောက်ဆုံး အခွင့်အလမ်းလည်း ဖြစ်ကောင်းဖြစ်နိုင်လေသည်။ ဤလေ့လာသုံးသပ်ချက်သည် နိုင်ငံရေးအရ တရားဝင်မှု ကိစ္စကို စဉ်းစားဘို့ လိုလာလေသည်။ ၂၀၁၅ ရွေးကောက်ပွဲများသည် တိုင်းရင်းသား ပါတီများအပါအဝင် အားလုံးအတွက် လွတ်လပ်ပြီး တရားမျှတ လိမ့်မည်ဟုသည့် မျှော်လင့်ချက်များ အပေါ်တွင် များစွာမှီတည်နေလေသည်။ အချို့သော တိုင်းရင်းသား ပါတီများသည် အတိတ် နှင့် လက်ရှိ လက်နက်ကိုင် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် ခိုင်မာသည့် အဆက်အသွယ်များ ရှိကြသလို၊ အချို့သည်လည်း လက်နက်ကိုင် အဖွဲ့အစည်းများအတွက် တနည်းတဖုံ ပြိုင်ဘက်များ ဖြစ်လေသည်။

သမိုင်းကြောင်းအရ စစ်အစိုးရကို တရားဝင် အစိုးရဟု အသိအမှတ် မပြုခဲ့ကြချေ။ လက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ပြည်သူများက နိုင်ငံရေးအရ ယုံကြည်မှုရှိကြောင်းကို ပြသရန် မတောင်း ဆိုခဲ့ချေ။ သို့သော်လည်း အစိုးရသည် ပြည်တွင်း နှင့် နိုင်ငံတကာ၏ အသိအမှတ်ပြုမှု တရားဝင်မှုကို ရရှိလာသည်နှင့်အမျှ အတိုက်အခံများအတွက် လက်နက်စွဲကိုင်ရခြင်းကို အကြောင်းပြချက်ပေးရန် ခက်ခဲလာလိမ့်မည် ဖြစ်သည်။ ထိုကြောင့် လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် ပြည်သူလူထု၏ ထောက်ခံမှု ရရှိလိမ့်မည်ဟု ယုံကြည်မှု မရှိခဲ့လျှင် ယင်းတို့အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ယင်းတို့၏ တရားဝင်မှု နှင့် အာဏာကို ထိခိုက်ဖျက်ဆီးနိုင်သည်ကို စိုးရိမ်လိမ့်မည်။ ထိုအတွက်ကြောင့်လလည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆွေးနွေးရန် ချီတုံချတုန် ဖြစ်နေလိမ့်မည်။ သို့သော်ငြားလည်း မြန်မာနိုင်ငံ (နှင့် အရှေ့တောင်အာရှတွင်) တွင် နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ဖြစ်လေ့ဖြစ်ထ ရှိသည်မှာ လက်နက်ကိုင် အဖွဲ့အစည်းများသည် တနေ့တခြား ဘေးရောက်သွားကျသည် သို့တည်းမဟုတ် နိုင်ငံရေး ပါတီများအဖြင့် ပြောင်းလဲသွားကြလေသည် (Tornquist et al ၂၀၁၂)။ ထိုကြောင့် နောင်လာမည့် ၁နှစ်၂နှစ်သည် လက်နက်ကိုင် အဖွဲ့အစည်းများအတွက် ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိရန် နှင့် ဘေးသို့ ဖယ်ကျဉ်ခြင်း မခံရဘဲ နိုင်ငံရေး အင်အားစုများအဖြင့် ရပ်တည်နိုင်ရန် ဆွေးနွေးညှိနှိုင်းဘို့ နောက်ဆုံး အခွင့်အလမ်း ဖြစ်ကောင်းဖြစ်နိုင်သည်။

လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် လက်ရှိအစိုးရထက် ဒီမိုကရေစီအရ တရားဝင်မှု ပိုမိုရှိမည့် ၂၀၁၅လွန် အစိုးရ (အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဦးဆောင်ရန် အလားအလာများ)ဖြင့် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အပေးအယူ ဖြစ်ပေါ်နိုင်မည်လား သို့တည်းမဟုတ် အကောင်းဆုံး အပေးအယူ လုပ်ရန်မှာ ယခုအချိန်လား ဆိုသည်ကို နိုင်ငံရေးအရ တွက်ချက်ပြီး မဖြစ်မနေ ဆုံးဖြတ်ရမည် ဖြစ်သည်။ အောင်ဆန်းစုကြည် ဦးဆောင်သည့် အစိုးရသည် မြင့်မားစွာ နိုင်ငံတကာ နှင့် ပြည်တွင်းမှ ထောက်ခံမှု တရားဝင်မှုကို ရရှိနိုင်လေသည်။ ထိုတရားဝင်မှုကို ဉာဏ်ပညာ ကြီးမားစွာ အသုံးပြုနိုင်သလို၊ လက်နက်ကိုင် အဖွဲ့အစည်းများဖြင့် ဆွေးနွေး ညှိနှိုင်းရာတွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရသည် တပ်မတော်နှင့် ဆက်ဆံရေး မပျက်စေရန်အတွက် ပိုအသာစီးရသည့် အပေးအယူလုပ်ရန် နေရာတွင် ရှိနိုင်လေသည်။ ထိုကဲ့သို့ စဉ်းစားတွက်ချက်ကြည့်ပါက လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် လက်ရှိ အစိုးရဖြင့် ဆွေးနွေးညှိနှိုင်းခြင်းက နောင်တက်လာမည့် အစိုးရဖြင့် ဆွေးနွေး ညှိနှိုင်းခြင်းထက် ပိုမို အသာစီးရနိုင်လေသည်။ လက်ရှိ အစိုးရ အဖွဲ့ ခေါင်းဆောင် အများစုသည် ၂၀၁၅ အလွန်တွင် အစိုးရ အဖွဲ့တွင်းနိုက် ရှိနေလိမ့်မည် မဟုတ်ချေ။ ထိုအတွက်ကြောင့် ယင်းတို့သည်လည်း ရှေ့လာမည့် ၂နှစ်အတွင်း နိုင်ငံ့သမိုင်းတွင် ဂုဏ်သိက္ခာရှိသည့် နေရာများတွင် ကျန်ရှိနေစေရန် ယင်းတို့၏ နိုင်ငံရေး အမွေကို တည်ဆောက်ရမည် ဖြစ်သည်။ ဤအချက်ကြောင့် လက်ရှိ အစိုးရသည် လက်နက်ကိုင် အဖွဲ့အစည်းများဖြင့် အလုပ်ဖြစ်နိုင်သည့် အပေးအယူလုပ်ရန် မက်လုံးများ ပိုမို ရှိလေသည်။

အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးအတွက် အခြား အတားအဆီးကတော့ ယင်းတို့၏ အားနည်းသည့် အုပ်ချုပ် စီမံမှု စွမ်းရည် နှင့် နည်းပညာ မရှိခြင်း ဖြစ်လေသည်။ အဓိက ဇာတ်ကောင်းများသည် အပစ်အခတ် ရပ်စဲရေး နောက်ပိုင်းကာလတွင် ပဋိပက္ခဒဏ်ခံ ဒေသများသို့ ဝင်ရောက်လာမည့် ပြင်ပနိုင်ငံများမှ သဘာဝ သံယံဇာတ ထုတ်လုပ်ရေး လုပ်ငန်းကြီးများကို စီမံခန့်ခွဲရန် နိုင်ငံရေးအရ ဦးဆောင်ဦးရွက် ပြုလိုမှု မရှိ သို့မဟုတ် လက်တွေ့ မည်သို့ စီမံခန့်ခွဲရမည်ကို ဗဟုသုတ မရှိကြချေ။ ကံကောင်းစွာပင် ထိုကဲ့သို့သော စိုးရိမ် ပူပန်မှုများကို တစိတ်တဒေသအားဖြင့် သက်သာရာရစေသည့် အကြောင်းကတော့ တိုင်းရင်းသား လူမျိုး အုပ်စုများ အတွင်း နှင့် အချင်းချင်းကြားတွင် တည်ရှိနေသည့် တနေ့တခြား တိုးတက် များပြားလာသည့် အရပ်ဘက်အဖွဲ့အစည်းများပင် ဖြစ်သည်။ သံယံဇာတ ပေါကြွယ်ဝသည့် နယ်စပ် ဒေသများတွင် ယင်းတို့၏ မည်သို့မည်ပုံ ထုတ်ယူသုံးစွဲသည် ဆိုသည်ကို စောင့်ကြပ် ကြည့်ရှုသည့် တာဝန်ကို ရပ်ရွာအခြေပြု အဖွဲ့အစည်းများ နှင့် အန်ဂျီအိုများက အဓိက ဦးဆောင် ဦးရွက် ပြုရမည်ဖြစ်သည်။

ကာလရှည်ကြာ တည်တံ့ခဲ့သည့် အပစ်အခတ် ရပ်စဲရေး အချိန်ကာလ ၁၉၈၉-၁၉၉၅ခုနှစ် အတွင်းတွင် အင်အားကြီး လက်နက်ကိုင် အဖွဲ့အစည်း အများစုသည် လက်နက် ဆက်လက် စွဲကိုင်ထားကြပြီး၊ နယ်မြေဒေသ အတော်များများကို ထိန်းချုပ်ထားကြသည်။ ၄င်းတို့ ထိန်းချုပ်ထားသည့် နယ်မြေများတွင် ၄င်းတို့သည် အစစ်အမှန် ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များ

အနေဖြင့် လှုပ်ရှား ဆောင်ရွက်ကြသည်။ ထိုကဲ့သို့ ဒေသန္တရ အုပ်ချုပ်ရေး တာဝန်များကို အပစ်အခတ် ရပ်စဲရေး အဖွဲ့က ဆက်လက် တာဝန်ယူ ဆောင်ရွက်နေသည့် နယ်မြေဒေသကတော့ ရှမ်းပြည်မြောက်ပိုင်း တွင် တည်ရှိသည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ် (ယူဒဗ်ယူအက်စ်အေ) ထိန်းချုပ်ထားသည့် နယ်မြေများဖြစ်သည်။ လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် လက်နက်ကိုင် အဖွဲ့များအား ၎င်းတို့ ထိန်းချုပ်ထားသည့် နယ်မြေများအား ဆက်လက် ထိန်းချုပ်ခွင့် ပြုမည်လား သို့မဟုတ် ယခင် လက်နက်ကိုင် အဖွဲ့ဝင်များသည် နိုင်ငံရေး အဖွဲ့အစည်းများ အနေဖြင့် အသွင်ကူးပြောင်းပြီး အစိုးရ ထိန်းချုပ်ထားသည့် နယ်မြေများအတွင်း နေထိုင်သည့် ရပ်ရွာ အဖွဲ့အစည်းများဖြင့် ပြန်လည် ဆက်ဆံရေး တည်ဆောက်ခြင်းကို ပြုနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရမည် ဖြစ်သည်။ လက်နက်ကိုင် အဖွဲ့အစည်းများသည် ယင်းတို့၏ ခေါင်းဆောင်များက ပါတီ နိုင်ငံရေးသမားများ ဖြစ်လာချိန်တွင်၊ လက်နက်များ စွန့်လွှတ်ခြင်း သို့မဟုတ် ယင်းတို့၏ တပ်များအား မြန်မာ့ တပ်မတော်ဖြင့်(များစွာ ပြောင်းလဲသွားမည်ဟု ယူဆရသည့်)ပေါင်းစည်းခြင်း ပြုလုပ်မလုပ် ဆိုသည်မှာ မရေရာ မသေချာသေးချေ။ ထိုကဲ့သို့ ပါတီ နိုင်ငံရေး လုပ်ဆောင်သည့် အခါမှသာ ယခင် လက်နက်ကိုင် အဖွဲ့ဝင်များသည် ယင်းတို့ ကိုယ်စားပြုလိုသည့် ရပ်ရွာ အဖွဲ့အစည်းများ၏ အားပေး ထောက်ခံမှု ရမရဆိုသည်ကို စမ်းသပ်နိုင်လိမ့်မည် ဖြစ်သည်။ ကချင် ပြဿနာသည် ဝိရောဓိ ဖြစ်စေသည်။ ၁၇နှစ်ကြာ အပစ်အခတ် ရပ်စဲရေး ပြီးသည့်နောက် ၂၀၁၁ခုနှစ်မှ စတင်၍ ပြည်တွင်းစစ် ပြန်လည် ဖြစ်ပွါးခဲ့သည်။ အသစ်တဖန် ဖြစ်ပွါးသည့် လက်နက်ကိုင် ပဋိပက္ခကြောင့် ကေအိုင်အို (အထူးသဖြင့် ၎င်း၏ လက်နက်ကိုင်တပ် ကေအိုင်အေ)သည် ကချင်လူမျိုးများ၏ တိုးတက်များပြားလာသည့် ထောက်ခံမှုကို ပြန်လည် ရရှိလာသည် (မည်သည့် ရွေးကောက်ပွဲမဆိုတွင် ၎င်းတို့သည် ကျယ်ပြန့်သည့် ထောက်ခံမှုကို ရရှိနိုင်သည်)။

လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် လက်နက်ကိုင် အဖွဲ့အစည်းများကို ယင်းတို့ လက်ရှိ ထိန်းချုပ်ထားသည့် နယ်မြေများကို ဆက်လက် ထိန်းချုပ်ခွင့်ပေးသည့် အဆင့်ထက် ကျော်လွန်မည် ဆိုပါက၊ အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား နိုင်ငံတော် နှင့် နိုင်ငံတော် ပြင်ပ လက်နက်ကိုင် အဖွဲ့များ၏ အုပ်ချုပ်ရေး စနစ်များအကြား မည်သို့ ပေါင်းစည်းရမည်ကို ဆွေးနွေးညှိနှိုင်းရန် လိုအပ်လာလေသည်။ လက်နက်ကိုင် အဖွဲ့အစည်း အများစုသည် ကျန်းမာရေး၊ ပညာရေး နှင့် အုပ်ချုပ်ရေး ကဏ္ဍများတွင် အနိမ့်ဆုံး အခြေခံ စနစ်များကို တည်ဆောက်ခဲ့ကြသည်။ ကေအန်ယူ၊ မွန်ပြည်သစ်၊ ကေအန်ပီပီ၊ ကေအိုင်အေ နှင့် အခြား စနစ်တကျ တည်ထောင်ထားသည့် လက်နက်ကိုင် အဖွဲ့အစည်းများတွင် အဆိုပါ စနစ်များကို တည်ဆောက်ထားသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ပြီ ဖြစ်ပြီး ဒေသခံများ၏ ထောက်ခံအားပေးမှုကို ရရှိထားသည်။ မကြာသေးမီကစပြီးလည်း နိုင်ငံတကာ အလှူရှင်များ၏ ထောက်ပံ့မှုကိုလည်း ရရှိထားကြသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်း တခု အနေဖြင့် နိုင်ငံတော် နှင့် နိုင်ငံတော် ပြင်ပရှိ အုပ်ချုပ်စီမံမှု စနစ်များကို မည်သို့ ကိုင်တွယ် ပေါင်းစည်းသွားမည်ကို စောင့်ကြည့်ရမည် ဖြစ်လေသည်။

ဤလေ့လာသုံးသပ်ချက်များက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အကျိုးအမြတ် ရရှိနိုင်သူများ ရှိသလို၊ နစ်နာနိုင်သူများလည်း ရှိကြောင်းကို သတိပေးနေလေသည်။ လက်နက်ကိုင် ပဋိပက္ခ ချုပ်ငြိမ်းမှုမှ အကျိုးအမြတ် အများဆုံး ရရှိမည့် သူများမှာ ဆယ်စုနှစ်ပေါင်းများစွာ ဒုက္ခ ဆင်းရဲများ ခံစားခဲ့ကြရသည့် အရပ်သားများ နှင့် နေရပ်သို့ ပြန်နိုင်ကြမည့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ ဖြစ်ကြသည်။ ပြည်တွင်းစစ် ပြီးဆုံးသွားခြင်းသည် တရားဝင် စီးပွါးရေး လုပ်ငန်းများအတွက်လည်း ကောင်းလေသည်။ သို့ရာတွင် တိုင်းရင်းသား ရပ်ရွာအဖွဲ့အစည်းများသည် အပစ်အခတ် ရပ်စဲရေးများအပြီး သံယံဇာတ ထုတ်လုပ်သည့် လုပ်ငန်းများ၊ အခြေခံ အဆောက်အအုံများ တည်ဆောက်သည့် စီမံကိန်းကြီးများကြောင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှု နှင့် လူမှုရေးဆိုင်ရာ အကျိုးဆက်များ ရရှိလာမည်ကို စိုးရိမ် ပူပန်မှုများ ရှိနေသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အန္တရာယ်ဟု ရှုမြင်သူများထဲတွင် ပဋိပက္ခ ဖြစ်စဉ်တွင် အဓိက ပတ်သက်သူများ ပါဝင်လေသည်။

# ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဖျက်ဆီးပစ်နိုင်သူများ

အထက်တွင် ဖေါ်ပြခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၏ အဓိက အကြောင်းရင်း နိုင်ငံရေး၊ လူမှုရေး နှင့် စီးပွါးရေး ပြသနာများကို လွယ်ကူစွာ ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ချေ။ နက်နဲပြီး လူအဖွဲ့အစည်း၏ အခြေခံ ပြသနာများကို ဖြေရှင်းရန် အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများသည် သတ္တိ၊ တွေးတောဆင်ခြင်ဉာဏ် နှင့် ကျွမ်းကျင်မှုတို့ကို အသုံးပြုရမည် ဖြစ်လေသည်။ ထိုသို့မဟုတ်ပါက ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အရှိန်အဟုန် လျော့နည်းလာသည်နှင့်အတူ လက်ရှိ အခွင့်အလမ်း ပြတင်းတံခါးသည်လည်း ပြန်လည် ပိတ်သွားမည် ဖြစ်လေသည်။

ကံမကောင်းစွာပင် အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ နှစ်ဘက်စလုံးတွင် လက်နက်ကိုင် ပဋိပက္ခ အဓွန့်ရှည်ခြင်းမှ အကျိုးအမြတ် ဖြစ်ထွန်းသူများ ရှိလေသည်။ အတိအကျ သတင်း အချက်အလက် မရရှိနိုင်သော်လည်း၊ ယခင် စစ်အစိုးရအတွင်းတွင် ပြုပြင်ပြောင်းလဲမှုများ၏ အတိုင်းအတာ နှင့် နှုန်းကို မကြိုက်နှစ်သက်သူများ ရှိသလို၊ ထိုင်း နှင့် ပြည်ပနိုင်ငံများရှိ ပြည်ပြေး အချို့သည်လည်း မကြိုက်နှစ်သက်ကျပါ။ နှစ်ပေါင်းများစွာကြာအောင် မြန်မာ စစ်အစိုးရကို ဆန့်ကျင်နေသူများ အနေဖြင့် ပြည်ပ အခြေပြု နှင့် နယ်စပ်တလျှောက် ဖွဲ့စည်းထားသည့် အတိုက်အခံ အဖွဲ့များအား ထောက်ခံခြင်းမှတပါး အခြားရွေးစရာ မရှိပေ။ နိုင်ငံအတွင်း အပြုသဘောဆောင်သည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများအတွက် ရွေးစရာလမ်း မရှိခဲ့သည့် အတွက် နိုင်ငံတကာ အန်ဂျီအိုများ နှင့် အလှူရှင်များ (ဘာသာရေး နှင့် လူသားခြင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်း ၂မျိုးစလုံး)သည် နယ်စပ်ရှိ အတိုက်အခံ အဖွဲ့များကို ထောက်ပံ့ခြင်းဖြင့်သာ တင်းတိမ် ရောင့်ရဲနေရလေသည်။ ထိုကာလအတွင်းတွင် အစိုးရအား ဆန့်ကျင်ခြင်းသည် ဘဝနေနည်း တခုဖြစ်လာခဲ့သည်။ နယ်စပ်အခြေပြု အဖွဲ့အစည်းများသည် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဆွေးနွေးမှုများကို လွှမ်းမိုးထားကြပြီး၊ အလှူငွေများကိုလည်း ယင်းတို့ထံသို့သာ စီးဆင်း စေလေသည်။

ယခုအခါ နိုင်ငံတွင်းတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် အရှိန်ရလာသဖြင့်၊ နိုင်ငံရေး ဆွေးနွေးမှုများသည်လည်း အလှူရှင်များ၏ ရန်ပုံငွေများနှင့်အတူ နယ်စပ်မှသည် ပြည်တွင်းသို့ ရွှေ့လာခဲ့လေသည်။ ဤအခြေအနေတွင် နယ်စပ်အခြေစိုက် အဖွဲ့အစည်းများ အနေဖြင့် ရွေးစရာ လမ်း၂သွယ် ရှိလေသည်။ အနာဂတ် မြန်မာနိုင်ငံတွင် ယုံကြည်လက်ခံနိုင်သည့် အဖွဲ့အစည်းများ အဖြင့် ပြန်လည် ဖွဲ့စည်းတည်ဆောက်မည်လား သို့တည်းမဟုတ် တနေ့တခြား ဘေးသို့ ဖယ်ကျဉ်ခြင်း ခံရပြီး အမျက်ဒေါသများထွက်နေမည်လား ဆိုသည်ကို ဖြစ်လေသည်။

နယ်စပ်ရှိ ရပ်ရွာအခြေပြုအဖွဲ့အစည်းများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများကို ဖွင့်ဆိုပြခဲ့သည်။ အထူးသဖြင့် ယင်းတို့ စိုးရိမ်ပူပန်သည်မှာ ပဋိပက္ခဒဏ်ခံ ရပ်ရွာအဖွဲ့အစည်းများ နှင့် အရပ်ဘက် အဖွဲ့အစည်းများ အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်နိုင်မှု မရှိခြင်း နှင့် အစိုးရ အနေဖြင့် လေးနက်သည့် နိုင်ငံရေး ဆွေးနွေးမှုများ မပြုလုပ်ခြင်း ဖြစ်သည်။ ထိုအပြင် မြန်မာ့ တပ်မတော်က ကချင် နှင့် ရှမ်းပြည်နယ် နေရာအချို့တွင် ထိုးစစ်များ ဆင်နွှဲနေသည့်အတွက် တနိုင်ငံလုံး အတိုင်းအတာဖြင့် ဒေါင့်စုံဘက်စုံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆွေးနွေးရန် ခက်ခဲမည် ဖြစ်လေသည်။ ကံဆိုးစွာပင် အဆိုပါ စိုးရိမ်ပူပန်မှုများသည် နယ်စပ် အခြေပြု အဖွဲ့အစည်းများ၏ ဒေါသတကြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထောက်ခံသူများကို တိုက်ခိုက် ဝေဖန်သံများကြားတွင် နစ်မြုပ်သွားခဲ့သည်။ အခြားသော နယ်စပ် အခြေပြု အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အပြုသဘော တုန့်ပြန်ခဲ့ကြပြီး၊ အစိုးရ ထိန်းချုပ်ထားသည့် နယ်မြေများတွင် မြေပေါ် လုပ်ငန်းများ တရားဝင် လုပ်ဆောင်ရန် ပြည်တွင်းသို့ ပြန်ဝင်ကျရန် ကြိုးပမ်းနေကြသည်။

# ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ပံ့ပိုးကူညီခြင်း- ထိခိုက်နစ်နာအောင် မပြုလုပ်ခြင်း

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် နိုင်ငံတကာ အဖွဲ့အစည်းများသည် အရေးပါသော်လည်း၊ ယင်းတို့၏ အခန်းကဏ္ဍသည် အကန့်အသတ် ရှိလေသည်။ ဤသည်မှာ အဓိက လုပ်ဆောင်မှုများ နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ဆက်စပ်ပတ်သက်နေသူများသည် ပြည်တွင်းကသာ ဖြစ်သောကြောင့် ဖြစ်သည်။ မြန်မာ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် နိုင်ငံတကာ နှင့် ပြည်တွင်းမှ (နိုင်ငံအတော်များများတွင်) ကြားဝင် စေ့စပ်ညှိနှိုင်းပေးခြင်း မရှိခြင်းသည် အခြား နိုင်ငံများနှင့်မတူ ထူးခြားနေသည့် အချက် ဖြစ်လေသည်။ အစိုးရသည် လက်နက်ကိုင် အဖွဲ့အစည်းများဖြင့် အပြန်အလှန် ဆက်သွယ်ရေး လမ်းကြောင်းများ တည်ဆောက်ခဲ့သည်။ သဘောတူညီချက်များကို ချုပ်ဆိုခဲ့သော်လည်း၊ ၂၀၁၂ခုနှစ် ဒီဇင်ဘာလတိုင်အောင် နိုင်ငံတကာ၏ အခန်းကဏ္ဍသည် တခါတရံ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် လေ့လာသူအဖြစ် ဖိတ်ခေါ်ခံရခြင်းလောက်သာ ရှိလေသည်။ နည်းပညာ နှင့် ရန်ပုံငွေ အထောက်အပံ့ အနည်းငယ် ပါဝင်သည်။ ဤပုံစံသည် နိုင်ငံတကာမှ ကြားဝင် စေ့စပ်ဖြေရှင်းပေးသည့် ၁၉၉၁ခုနှစ် ကမ္ဘောဒီးယား ငြိမ်းချမ်းရေး သဘောတူညီချက် နှင့် ၂၀၀၅ခုနှစ်တွင် အာချေး လွတ်မြောက်ရေး လှုပ်ရှားမှု နှင့် အင်ဒိုနီးရှား အစိုးရတို့အကြား ဖင်လန် သမ္မတမှ ကြားဝင် စေ့စပ်ဖြေရှင်းပေးခဲ့သည့် (Tornquist et al ၂၀၁၂) အာချေး အခြေအနေတို့ဖြင့် ကွာခြားလေသည်။ မြန်မာ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ဖိလစ်ပိုင် နိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်လည်း ကွာခြားလေသည်။ ဖိလစ်ပိုင်နိုင်ငံတွင် မလေးရှား အစိုးရမှ ဖိလစ်ပိုင် အစိုးရ နှင့် မိုရိုစ် တို့အကြား ညှိနှိုင်းပေးခဲ့သည်။ အလားတူ နော်ဝေနိုင်ငံမှလည်း အစိုးရ နှင့် ကွန်မြူနစ်သူပုန်များ အကြား စေ့စပ်ညှိနှိုင်းပေးခဲ့သည်။ မြန်မာ အခြေအနေသည် ထိုင်းနိုင်ငံနှင့် ပိုဆင်တူလေသည်။ ထိုင်းအစိုးရသည် တောင်ပိုင်း မလေးလူမျိုး မွတ်စလင် သူပုန်များနှင့် အများအားဖြင့် မအောင်မြင်ခဲ့သည့် ဆွေးနွေးပွဲများစွာကို ဦးဆောင်ကျင်းပခဲ့လေသည်။ အိမ်နီးချင်း ၂နိုင်ငံ၏ အဓိက ကွာခြားချက်ကတော့ မြန်မာ အစိုးရသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများဖြင့် ရင်ဆိုင်နေရလေသည်။ ယင်းသည် အပစ်အခတ် ရပ်စဲရေးများကို ထိရောက်စွာ ညှိနှိုင်းနိုင်ခဲ့သည့် အတွေ့အကြုံလည်း ရှိလေသည်။ အချို့သော တွက်ချက်မှုများအရ မြန်မာ အစိုးရသည် လက်နက်ကိုင် အဖွဲ့အစည်း ၂၀ဖြင့် တပြိုင်နက်တည်း ဆွေးနွေးညှိနှိုင်းနေသည်ဟု ဆိုသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် နိုင်ငံတကာ၏ အခန်းကဏ္ဍသည် အကန့်အသတ်ဖြင့်သာ ရှိသည်ကို မြန်မာ အာဏာပိုင်များ၏ ပြည်တွင်းရေးတွင် ပြင်ပမှ ဝင်ရောက်စွက်ဖက်နေသည်ဟုသော နှစ်ပေါင်းများစွာက ရှိနေခဲ့သည့် သံသယစိတ်ကို သဘောပေါက် နားလည်ရန် လိုအပ်သည်။ ကချင် ပဋိပက္ခတွင် နိုင်ငံတကာမှ အစိုးရ နှင့် ကေအိုင်အိုတို့အကြား ကြားဝင်စေ့စပ်ရန် ကြိုးပမ်းမှုများသည်လည်း မကြာသေးခင်ထိ မအောင်မြင်ခဲ့ချေ။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ဦးဆောင်မှုပြုသည်ထက် နိုင်ငံတကာ၏ အခန်းကဏ္ဍသည် ပံ့ပိုးကူညီသည့် အဆင့်တွင်သာ ရှိလေသည်။ ပိုမို မြင်သာပြီး ထင်ရှားသည့် ကြားဝင်ဆောင်ရွက်မှုကတော့ အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များကို ပံ့ပိုးကူညီခြင်းဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ယုံကြည်မှု ရှိလာရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားသည့် မြန်မာ ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အစီအစဉ် (အမ်ပီအက်စ်အိုင်) ဖြစ်လေသည်။ မြန်မာ အစိုးရမှ နော်ဝေး အစိုးရအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ပံ့ပိုးကူညီရန် မေတ္တာရပ်ခံခဲ့သဖြင့် ၂၀၁၂ခုနှစ် ဇန်နဝါရီလတွင် အမ်ပီအက်စ်အိုင်ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်မှစ၍ အခြားနိုင်ငံများ၏ အစိုးရများ နှင့် အလှူရှင်များလည်း ပါဝင် ပတ်သက်လာခဲ့သည်။ အမ်ပီအက်စ်အိုင်သည် မြန်ဆန်သည့် အပြောင်းအလဲများကြားတွင် နိုင်ငံရေးအရ လုပ်ဆောင်ရမည့် အရာများကို အလျင်အမြန် တုန့်ပြန်ရန် ကြိုးပမ်းခဲ့သည်။ အမ်ပီအက်စ်အိုင်သည် လက်နက်ကိုင် ပဋိပက္ခဒဏ်ခံ ရပ်ရွာ အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ အစိုးရ နှင့် အစိုးရ မဟုတ်သည့် နိုင်ငံရေး နှင့် လက်နက်ကိုင် အဖွဲ့များမှ ပုဂ္ဂိုလ်များဖြင့် အစဉ်တစိုက် လေးနက်သည့် ဆွေးနွေးတိုင်ပင်မှုများ ပြုရန် သံန္နိဋ္ဌာန် ချထားပါသည်။ ပဋိပက္ခဖြင့် ဆက်စပ်ပတ်သက်နေသူ အသီးသီးဖြင့်လည်း ဆွေးနွေးတိုင်ပင်ခြင်း နှင့် သတင်း အချက်အလက်များကို မျှဝေသွားရန်ကိုလည်း သံန္နိဋ္ဌာန် ချထားပါသည်။ အမ်ပီအက်စ်အိုင်သည် ထိခိုက်နစ်နာလွယ်သည့် ဒေသခံ ပြည်သူများ နှင့် အခြား မိတ်ဖက်များအား ပိုမို အန္တရာယ် ကျရောက်နိုင်သည့် အခြေအနေမျိုးသို့ (အနာဂတ်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ပျက်ပြားသွားခြင်းကြောင့် ကျရောက်နိုင်သည့် အန္တရာယ်မျိုး အပါအဝင်) ရောက်ရှိအောင် ပြုလုပ်မည် မဟုတ်ချေ။ အမ်ပီအက်စ်အိုင်သည် ဒေသခံ မိတ်ဖက် အဖွဲ့အစည်းများ (ရပ်ရွာ အခြေပြု အဖွဲ့အစည်းများ နှင့် လက်နက်ကိုင် အဖွဲ့များ) အား ရခိုင်၊ချင်း၊ ရှမ်း၊ ကရင် နှင့် မွန်၊ ပဲခူး နှင့် တနင်္သာရီ တိုင်းဒေသကြီး/ပြည်နယ်များတွင် အောက်ဖော်ပြပါ ကဏ္ဍများဖြင့် သက်ဆိုင်သည့် စီမံချက်များ အကောင်အထည် ဖော်ဆောင်နိုင်ရန် ပံ့ပိုးကူညီလျက် ရှိသည်။ ယင်းတို့မှာ လက်နက်ကိုင် အဖွဲ့များ၏ ဆက်ဆံရေးရုံးများကို အကန့်အသတ်ဖြင့် ပံ့ပိုးကူညီခြင်း၊ ရပ်ရွာ အခြေပြု အပစ်အခတ် ရပ်စဲရေး စောင့်ကြပ်ကြည့်ရှုမှုများကို ပံ့ပိုးကူညီခြင်း၊ လက်နက်ကိုင် အဖွဲ့များ ရပ်ရွာ အဖွဲ့အစည်းများဖြင့် ဆွေးနွေးတိုင်ပင်မှုကို ပံ့ပိုးကူညီခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ်တွင် ယုံကြည်မှုရှိလာစေရန် အကောင်အထည်ဖော်သည့် စမ်းသပ် နှင့် အခြား စီမံချက်များ နှင့် ထိခိုက်နစ်နာလွယ်သည့် ရပ်ရွာအဖွဲ့အစည်းများ ပြန်လည် ထူထောင်ရေးအတွက် အကူအညီများ ပေးအပ်ခြင်းတို့ဖြစ်သည်။ အမ်ပီအက်စ်အိုင်ကဲ့သို့သော နိုင်ငံတကာ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား တုန့်ပြန်မှု ၁၆ခုသည် ၁၉၉၀ခုနှစ်များအတွင်းက ချုပ်ဆိုခဲ့သည့် အပစ်အခတ် ရပ်စဲရေးများကို နိုင်ငံတကာမှ ပံ့ပိုးကူညီမှု မပြုခဲ့ခြင်းကဲ့သို့ အမှားမျိုး ထပ်မှန် မမှားစေရန် ရည်ရွယ်ချက် ပါဝင်သည်။ ထိုသို့ ယခင် အပစ်အခတ် ရပ်စဲရေးများကို နိုင်ငံတကာမှ ပံ့ပိုးကူညီမှု မပြုခဲ့သည့်အတွက် ငြိမ်းချမ်းရေး ပြုလုပ်ခြင်း(peace-making)မှသည် အစစ်အမှန် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း(peace-building) အခြေအနေကို ဖန်တီးရန် အခွင့်အလမ်းကို လက်လွှတ်ဆုံးရှုံးခဲ့ရသည် (South ၂၀၀၈၊ အခန်း ၃)။

အမ်ပီအက်စ်အိုင် ကဲ့သို့သော အစီအစဉ်မျိုးကို ထူထောင်ပြီးသည့်အခါတွင် အလှူရှင်များသည် ပေးအပ်ထားသည့် ကတိကဝတ်အတိုင်း ဆောင်ရွက်ရန် လိုအပ်သည်။ ထိုအပြင် လုံလောက်သည့် အရင်းအမြစ်များကို ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဖြင့် သက်ဆိုင်သည့် စီမံချက်များအတွက် ပံ့ပိုးကူညီသွားရန် လိုအပ်သည်။ အရင်းအမြစ်များတွင် နိုင်ငံရေးအရ ထောက်ခံအားပေးမှု၊ ငွေကြေး ရန်ပုံငွေများ နှင့် သင့်တော်သည့် ကျွမ်းကျင်သူ ပညာရှင်များလည်း ပါဝင်သည်။ ထိုအပြင် အလှူရှင်များ နှင့် သံတမန်များသည် မြန်မာ အစိုးရကို နိုင်ငံရေးအရ ဆွေးနွေးမှုများ ပြုလုပ်ရန် နှင့် ကချင် နှင့် ရှမ်းပြည်နယ်များတွင် ဖြစ်ပွါးနေသည့် လက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းရန်မှာ မရှိမဖြစ် အရေးကြီးကြောင်း သတိပေးရန်လည်း လိုအပ်သည်။ အထက်တွင် ဖေါ်ပြခဲ့သလို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် သံသယရှိသူများတွင်လည်း ခိုင်လုံသည့် သံသယဖြစ်စေသည့် စိုးရိမ်ပူပန်မှုများ ရှိနေသည်။ ထိုစိုးရိမ်ပူပန်မှုများအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပျက်စီးအောင် ပြုလုပ်ခွင့် ပေးအပ်ခဲ့ပါက အမှားကြီးတခုကို ကျူးလွန်ရာ ရောက်ပေသည်။ ပြီးခဲ့သည့် ဆယ်စုနှစ် တစ်ခုကျော်အတွင်းတွင် မြန်မာနိုင်ငံသည် လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အသိုင်းအဝိုင်းတွင် ရေပန်းစားသည့် အကြောင်းအရာ ဖြစ်ခဲ့သော်လည်း၊ ထိုလူ့အခွင့်အရေး ကိစ္စမှလွဲပြီး နိုင်ငံတကာ အသိုင်းအဝိုင်းတွင် အများအားဖြင့် မသိကျိုးကျွံ ပြုခြင်းခံခဲ့ရသည်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်က မြန်မာနိုင်ငံအပေါ် အင်အားကြီး နိုင်ငံများ စိတ်ဝင်စားလာအောင် နှိုးဆွ ပေးခဲ့လေသည်။ ယင်းစိတ်ဝင်စားမှုနှင့်အတူ တိုင်းရင်းသား ပြဿနာများကိုလည်း သိသာ ထင်ရှားလာစေခဲ့သည်။ ဤအခွင့်အလမ်း ပြတင်းတံခါးသည် အမြဲတစေ ပွင့်ဟနေမည် မဟုတ်ချေ။ ပေးဆပ်ရမည့် လောင်းကြေး တန်ဖိုးသည် မြင့်မားလေသည်။ မြန်မာ အစိုးရ အနေဖြင့် အခြေခံ လူ့အခွင့်အရေးများ နှင့် တရားဥပဒေ စိုးမိုးရေးကို လေးစားလိုက်နာသည့် အစိုးရအဖြင့် ယင်း၏ ပုံရိပ်ကို ပြန်လည် တည်ဆောက်နိုင်လျှင်၊ ယင်းသည် မြန်မာနိုင်ငံလို နိုင်ငံတကာမှ ဖယ်ကျဉ်ခြင်း ခံထားရသည့် နိုင်ငံမျိုးအတွက် ကြီးမားသည့် အောင်မြင်မှုကြီး ဖြစ်လေသည်။ ထိုသို့ ပုံရိပ်ကောင်း တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ဩဇာ စက်ဝန်းအတွင်းမှ ဖယ်ခွာလာလိမ့်မည်ဟု ယူဆရသည်။ ထိုသို့ တရုတ် ဩဇာ စက်ဝန်းအောက်မှ မြန်မာနိုင်ငံ ဖယ်ခွာလာခြင်းသည် အနောက်နိုင်ငံများအတွက် ပထဝီနိုင်ငံရေး မဟာဗျူဟာ ရည်မှန်းချက် ဖြစ်လေသည်။

## စီးပွါးရေး နှင့်/သို့မဟုတ် ဖွံ့ဖြိုးရေး။

အစိုးရ နှင့် တိုင်းရင်းသား အဖွဲ့အစည်းများအားလုံး (လက်နက်ကိုင် အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် အဖွဲ့အစည်းများ နှင့် နောက်ဆုံး ပဋိပက္ခဒဏ်ခံ ရပ်ရွာအဖွဲ့အစည်းများ)အတွက် အဓိက စိန်ခေါ်မှု တခုမှာ လက်နက်ကိုင် ပဋိပက္ခဒဏ်ခံ ဒေသများတွင် ဆောင်ရွက်နေကြသည့် စီးပွါးရေး နှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဖြစ်သည်။ ထိုလုပ်ငန်းများတွင် ဒေသခံ စီးပွါးရေး လုပ်ငန်းများ မှသည် နိုင်ငံတော်အဆင့် ကုပ္ပဏီကြီးများ နှင့် နိုင်ငံတကာ ကုပ္ပဏီများ၊ စီးပွါးရေး လုပ်ငန်းကြီးများ ပါဝင်သည်။

အထက်တွင် ဖော်ပြခဲ့သလို ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခ နှင့် ဖွံ့ဖြိုးမှု နှောင့်နှေးခြင်းတို့ကြောင့် စီးပွါးရေး ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန် နှင့် အသက် မွေးဝမ်းကြောင်း သင်တန်းများကို အထူးလိုအပ်လေသည်။ တိုင်းရင်းသား လူမျိုးစုများ နေထိုင်သည့် စစ်ဘေးဒဏ်ခံ ဒေသများသည် ထင်ရှားသည့် သဘာဝ သံယံဇာတများ ပေါကြွယ်ဝသည့် နေရာများ ဖြစ်လေသည်။ အချို့ကိစ္စရပ်များတွင် (ဥပမာ သစ် နှင့် ငါးလုပ်ငန်း) ဒေသအတွင်းတွင်ပင် တန်ဖိုးမြှင့်လုပ်ငန်းများ ထူထောင် လုပ်ကိုင်နိုင်လေသည်။ ဗဟို နှင့် ဒေသန္တရ အစိုးရများကြား ဝင်ငွေကို အချိုးကျ ခွဲဝေရန် အလားအလာရှိသဖြင့် အချို့သော ကိစ္စရပ်များတွင်မူ (ဥပမာ သဘာဝဓါတ်ငွေ့ နှင့် ရေနံသိုက်များ) ပြည်ထောင်စုအဆင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ချမှတ်ပေးသည့် ဝင်ငွေသည် အချက်အချာ ကျပေသည်။ ကံအားလျော်စွာပင် ဝေလံသည့် ဒေသများတွင် ဆောင်ရွက်နေကြသည့် လုပ်ငန်းကြီးများ နှင့် ရင်းနှီးမြှုပ်နှံမှုများသည် အများအားဖြင့် သဘာဝ သံယံဇာတများ ထုတ်ယူသည့် လုပ်ငန်းများ ဖြစ်ကြသည်။ နိုင်ငံရေး နှင့် လက်နက်ကိုင် အဖွဲ့ ခေါင်းဆောင်များ လာဘ်လာဘများ ရကြသည်ကလွဲ၍ ဒေသခံများ အနေဖြင့် အကျိုးအမြတ် အနည်းငယ်သာ ရရှိကြသည်။ ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများကို အပစ်အခတ် ရပ်စဲရေးများ ပြုလုပ်ရန် စေ့ဆော်တိုက်တွန်းချက်များမှာ စစ်ပန်းခြင်း၊ နိုင်ငံရေး ရည်မှန်းချက် နှင့် အပေးအယူ လုပ်လိုစိတ် သို့တည်းမဟုတ် လူသားခြင်း စာနာမှု စိတ်ဆန္ဒများသာ မကဘဲ၊ စစ်ရေး နှင့် နိုင်ငံရေး ခေါင်းဆောင်များ၏ စီးပွါးရေး အခွင့်အလမ်းများမှ အကျိုးအမြတ်များ ရလိုမှုလည်း ပါဝင်သည်။ ယင်းတို့ထဲတွင် သဘာဝ သံယံဇာတများကို ခေါင်းပုံဖြတ်ခြင်းလည်း ပါဝင်လေသည်။ ထိုကဲ့သို့ သံယံဇာတ ထုတ်ယူသည့် လုပ်ငန်းကြီးများသည် လူမှုပတ်ဝန်းကျင် နှင့် သဘာဝ ပတ်ဝန်းကျင် ၂ခုစလုံးကို ထိခိုက် နစ်နာစေလေသည်။

စစ်ဘေးဒဏ်ခံ ဒေသများတွင် အထူး စိုးရိမ်နေသည်မှာ တိုင်းရင်းသား လူမျိုးစုများ နေထိုင်သည့် မြန်မာနိုင်ငံ အနောက်ခြမ်း၊ မြောက် နှင့် အရှေ့ခြမ်းများတွင် တည်ဆောက်ရန် စီစဉ်ထားသည့် ရေအားလျှပ်စစ် စီမံကိန်းများ ဖြစ်လေသည်။ အများအားဖြင့် ယင်းစီမံကိန်းများကို ရေးဆွဲရာတွင် လုံလောက်သည့် လူမှု ပတ်ဝန်းကျင် နှင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက်နစ်နာနိုင်မှုများကို ဆန်းစစ်လေ့လာထားမှုများ မရှိကြပေ။ အခြား စိုးရိမ်ပူပန်များကတော့ နယ်စပ်ဒေသများတွင် ဆောင်ရွက်နေကြသည့် သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ရေရှည်မတည်တံ့နိုင်သည့် သစ်ထုတ် လုပ်မှုများ (ကျယ်ပြန့်စွာ သစ်ထုတ်လုပ်နိုင်ရန် ယခင်က မရောက်ရှိနိုင်ခဲ့သည့် ဒေသများတွင် လမ်းကွန်ရက်များ တိုးချဲ့ဆောက်လုပ်နိုင်သည်။ ယင်းသို့ ဆောက်လုပ်ခြင်းသည် ဒေသခံများ အတွက်လည်း ဈေးကွက်သို့ ဒေသထွက်ကုန်များကို တင်ပို့ ရောင်းချနိုင်ရန် အခွင့်အလမ်းကိုလည်း ဖန်တီးပေးလေသည်။ အကောင်းအဆိုး ရောယှက်နေသည့် အရာဖြစ်သည်) နှင့် စီးပွါးဖြစ် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းကြီးများ (အထူးသဖြင့် တောင်ပိုင်းတွင် ဆီးအုန်း ခြံများ) နှင့် ယင်းတို့နှင့်ဆက်စပ်ပြီး မြေယာသိမ်းမှုများ ဖြစ်သည်။

မြန်မာနိုင်ငံတွင် (ဒေသတွင်းတွင်လည်း) အကြီးဆုံး အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး စီမံကိန်းကတော့ ကရင် ပြည်နယ်တောင်ပိုင်း တနင်္သာရီ ဒေသ (မွန်၊ ထားဝယ် နှင့် ဗမာများ နေထိုင်ရာ ဒေသများလည်းပါဝင်) တွင် စီစဉ်ထားသည့် စီမံကိန်း ဖြစ်လေသည်။ ဤစီမံကိန်း ကတော့ ထားဝယ် စီမံကိန်း ဖြစ်သည်။ အဆိုပါ စီမံကိန်းတွင် ကပ္ပလီ ပင်လယ် ကမ်းခြေပေါ်တွင် ရေနက် ဆိပ်ကမ်း တည်ဆောက်ခြင်း၊ အကြီးစား စက်မှုဇုန် တည်ဆောက်ခြင်း နှင့် အိမ်နီးခြင်း ထိုင်းနိုင်ငံနှင့် ဆက်သွယ်မည့် လမ်း နှင့် အခြား အခြေခံ အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းတို့ ပါဝင်သည်။ ဤစီမံကိန်း၏ ပထမ အဆင့် တခုတည်းကပင် အမေရိကန် ဒေါ်လာ ၁၃ ဘီလီယံခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြသည်။ ထိုင်းနိုင်ငံမှ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက် ပျက်စီးစေသည့် စက်မှုလုပ်ငန်းများ ပြောင်းရွှေ့လာမည်ကို ကြိုမြင်ပြီး၊ သိသိသာသာ သဘာဝပတ်ဝန်းကျင်အပေါ် စိုးရိမ်ပူပန်မှုများ ရှိနေခဲ့လေသည်။ အခြား ပေါ်ပေါက်လာနိုင်သည့် ပြဿနာများကတော့ အလုပ်သမားများ၏ ရပိုင်ခွင့်များ မရရှိခြင်း နှင့် လယ်ယာမြေများကို လယ်လုပ်သူ တောင်သူများထံမှ အတင်းအကျပ် သိမ်းယူခြင်းတို့ ပါဝင်လေသည်။ ယခင် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ခဲ့သည့် အကြီးစား အခြေခံ အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းကြီးများကြောင့် ဒေသခံများ၏ ကျေးရွာများ ရွှေ့ပြောင်းခံရမှု နှင့် ယင်းတို့အနေဖြင့် ပိုမို ထိခိုက်နစ်နာလွယ်ခြင်း အစရှိသည့် ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် ဖြစ်ရသည့် ပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရသည်။ မြန်မာ နှင့် ထိုင်းနိုင်ငံတို့အကြား နိုင်ငံရေး စီးပွါးရေးအရ ဆက်ဆံမှုများ တိုးတက်များပြား လာသည်နှင့်အမျှ ထိုင်းနိုင်ငံအတွက် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသများ တည်ငြိမ်ရေးသည် ပိုမို အရေးပါလာလေသည်။ ထိုအတွက်ကြောင့် ကေအန်ယူ နှင့် အခြား လက်နက်ကိုင် အဖွဲ့အစည်းများအပေါ်တွင် ထိုင်း၏ ဖိအားပေးမှုသည်လည်း တိုးတက်များပြားလာမည် ဖြစ်သည်။ မြန်မာနိုင်ငံရှိ ကရင် နှင့် အခြား တိုင်းရင်းသားများအတွက် အဆိုပါ စီးပွါးရေး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ရပ်ရွာ အဖွဲ့အစည်းများ နှင့် နိုင်ငံရေး ခေါင်းဆောင်များက မည်ကဲ့သို့ ရပ်တည် တုန့်ပြန်မည်နည်း ဆိုသည့်အပေါ် မူတည်နေလေသည် (South ၂၀၁၁)။

နိုင်ငံ၏ အခြား တဘက်တွင်လည်း မြန်မာနိုင်ငံတွင် တရုတ်၏ အကြီးမားဆုံး ရင်းနှီး မြှုပ်နှံမှုဖြစ်သည့် သဘာဝ ဓါတ်ငွေ့ ပိုက်လိုင်း တည်ဆောက်ခြင်း နှင့် ယင်းနှင့်ဆက်စပ် အခြေခံ အဆောက်အအုံ စီမံချက်များ (ရထား နှင့် လမ်း စီမံချက်များ) ဖြစ်လေသည်။ ယင်းပိုက်လိုင်းသည် အိန္ဒိယ သမုဒ္ဒယာပေါ်ရှိ ရခိုင် ကမ်းရိုးတမ်းမှသည် ပင်လယ်ထွက်ပေါက် မရှိသည့် ယူနန်ပြည်နယ်ထိ ရှည်လျားသည်။ ရွှေသဘာဝဓါတ်ငွေ့ပိုက်လိုင်း စီမံချက်သည် ပထဝီနိုင်ငံရေး မဟာဗျူဟာအရ အထူး အရေးပါလေသည်။ ယင်းစီမံချက်အရ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ သဘာဝဓါတ်ငွေ့များကို ထုတ်ယူခွင့် ရရှိမည် ဖြစ်သလို၊ အကျပ်ကိုင်ခြင်း ခံရနိုင်သည့် မဟာဗျူဟာကျ မလက္ကာ ရေလက်ကြားကို ဖြတ်စရာမလိုတော့ဘဲ တရုတ်ပြည် အရှေ့ပိုင်း ပယ်လယ်ထွက်ပေါက်များသို့ ကုန်ပစ္စည်းများကို တင်ပို့နိုင်ရန်လည်း အိန္ဒိယ သမုဒ္ဒရာသို့လည်း ထွက်ပေါက် ရရှိသွားမည် ဖြစ်သည်။ သို့သော် အခြား တရုတ် နှင့် နိုင်ငံတော်

ကျောထောက်နောက်ခံပြုထားသည့် အခြေခံ အဆောက်အအုံ စီမံချက်များလိုပင် ရွှေသဘာဝ ဓါတ်ငွေ့ စီမံကိန်းသည်လည်း အငြင်းပွါးစရာများ ရှိနေလေသည်။ အဘယ်ကြောင့်ဆိုသော် ဒေသခံ ရခိုင် နှင့် အခြား ရပ်ရွာ အဖွဲ့အစည်းများက မြေသိမ်းမှုများ၊ တရားမျှတခြင်း မရှိသည့် လျော်ကြေးငွေ ပေးမှုများ၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုများ နှင့် အခြား ထိခိုက် နစ်နာနိုင်သည့် အကျိုးဆက်များ ရရှိမည်ကို စိုးရိမ်ပူပန်မှုများ ရှိနေသဖြင့် ဖြစ်သည်။

# ရှေ့လမ်းစဉ်များ

အစိုးရ နှင့် ယင်း၏ ယခင် စစ်မြေပြင် ရန်သူများသည် ကနဦး ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ပြုလုပ်နေကြသည်။ ကချင်ပြည်နယ်မှလွဲပြီး နေရာ အနှံ့အပြားတွင် တိုက်ပွဲများ ဖြစ်ပွါးမှုသည် သိသိသာသာ ကျဆင်းသွားခဲ့သည်။ အချို့နေရာများတွင် လုံးဝ ရပ်ဆိုင်းသွားခဲ့သည်။ တချိန်တည်းမှာပင် အပစ်အခတ် ရပ်စဲထားသည့် လက်နက်ကိုင် အဖွဲ့များသည် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရန် ပြင်ဆင်နေကျသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသည် ဒေသခံများ ဦးဆောင်ဦးရွက်ပြုသည့် စီမံချက်များကို ပံ့ပိုးကူညီခြင်းဖြင့် တုန့်ပြန်ခဲ့ကြသည်။ ယင်းစီမံချက်များ မှတဆင့်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ်တွင် ယုံကြည်မှု ရှိလာစေရန် စမ်းသပ်လေ့လာနေကြသည်။ စစ်ဘေးဒဏ်ခံ ရပ်ရွာများအားလည်း အထောက်အပံ့များ ပေးအပ်ခဲ့သည်။ သို့သော်လည်းဘဲ ပိုမို ကျယ်ပြန့်သည့် နိုင်ငံရေး သဘောတူညီချက် မရရှိခဲ့ပါက၊ အဆိုပါ အပြုသဘောဆောင်သည့် တိုးတက်ဖြစ်ပေါ်မှုများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန် လုံလောက်သည့် အကြောင်းရင်းများတော့ မဟုတ်ချေ။ အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများ၏ စနစ်တကျ အားပေးကူညီမှုဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို နောက်ထပ်တဆင့် မတက်လှမ်းနိုင်ခဲ့ပါက၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပျက်လိုပျက်စီး လုပ်လိုသူများ အားကောင်းလာမည် ဖြစ်ပြီး၊ အနှစ်ငါးဆယ်အတွင်း ငြိမ်းချမ်းရေး ရရှိရန် အကောင်းဆုံး အခွင့်အလမ်းများကို ဖျက်ဆီးပစ် လိုက်မည် ဖြစ်သည်။ အစိုးရ၊ လက်နက်ကိုင် အဖွဲ့အစည်းများ နှင့် ယင်းတို့၏ မိတ်ဖက် အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်သည့် အခြေခံများကို မှန်ကန်စွာ ထားရှိနိုင်လျှင်တောင်၊ လူမျိုးရေး အဓိကရုဏ်းများ ရခိုင် နှင့် အခြား ဒေသများတွင် ဖြစ်ပွါးနိုင်သည့် အခြေအနေများ နှင့်အတူ မြန်မာ ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒ ပြန်လည် ခေါင်းထောင်လာနိုင်သည့် အန္တရာယ် ရှိနေသေးသည်။

နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းလိုသည့် ဆန္ဒ ရှိကြောင်းကို ထုတ်ဖော်ပြသခဲ့သည်။ မေးမြန်းစရာမှာ နိုင်ငံရေး လုပ်ငန်းစဉ် မည်သည့်အချိန်တွင် စမည်နည်း နှင့် မည်သို့ စမည်နည်း ဖြစ်လေသည်။ အကယ်၍ နိုင်ငံတော် အစိုးရသည် အဓိကကျသည့် နိုင်ငံရေး ပဟေဠိများကို ဖြေရှင်းခဲ့လျှင်၊ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားများ အကြားတွင် အကောင်းမြင်စိတ် အများအပြား ပေါက်ဖွားလာမည် ဖြစ်သည်။ လေးနက်ပြီး အဓိပ္ပါယ်ရှိသည့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပရန် အချိန်ကာလ သတ်မှတ်ရန် နှင့် နိုင်ငံရေး ပြဿနာများကို တင်ပြရန် အချိန်ကာလ ကျရောက်လာပြီ ဖြစ်သည်။ အစိုးရ ငြိမ်းချမ်းရေး အကျိုးဆောင်များက ၂၀၁၂ ခုနှစ်ကုန်ပိုင်း နှင့် ၂၀၁၃ နှစ်ဦးပိုင်းတွင် လေးနက်ပြီး အဓိပ္ပါယ်ရှိသည့် နိုင်ငံရေး ဆွေးနွေးပွဲများ စတင်ရန် အလားအလာရှိကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်မည့် အကြောင်းအရာများ နှင့် မည်သို့မည်ပုံ ဆွေးနွေးကျမည်

ဆိုသည်မှာ ရှုပ်ထွေးသည့် ကိစ္စရပ်ဖြစ်သလို၊ အငြင်းပွါးစရာ ကိစ္စလည်း ဖြစ်လေသည်။ သို့သော်ငြားလည်း သက်ဆိုင်သူအားလုံး ပါဝင်နိုင်သည့် နိုင်ငံရေး စကားဝိုင်းများကို တိုင်းရင်းသား ကိုယ်စားလှယ်များဖြင့် ကျင်းပခြင်းဖြင့် အစိုးရသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သည့် လူမှုရေး၊ စီးပွါးရေး နှင့် နိုင်ငံရေး ပဋိပက္ခများကို ဖြေရှင်းရန် သံန္နိဌာန် ချထားကြောင်းကို ပြသနိုင်လိမ့်မည် ဖြစ်သည်။ သမ္မတ၏ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဦးအောင်မင်း နှင့် ညီညွှတ်သော တိုင်းရင်းသားများ ဖယ်ဒရယ် ကောင်စီမှ ကိုယ်စားလှယ်များအကြား ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ၂၀၁၂ခုနှစ် နိုဝင်ဘာလ ၉ရက်နေ့က အလွတ်သဘော တွေ့ဆုံ ဆွေးနွေးပွဲတွင် ထိုကဲ့သို့သော လမ်းကြောင်းသစ်ကို ဖေါက်လုပ်နိုင်ခဲ့သည်။ ထိုတွေ့ဆုံ ဆွေးနွေးပွဲတွင် နိုင်ငံရေး ဆွေးနွေးပွဲများ ပြုလုပ်ရန် မူအရ သဘောတူညီခဲ့သည် (၂၀၁၂ခုနှစ် နိုဝင်ဘာလ ၁၉ရက်နေ့ထုတ် ရှမ်းသံတော်ဆင့် သတင်းစာတွင် ဖေါ်ပြခဲ့သည်)။ ဦးအောင်မင်းသည် ညီညွှတ်သော တိုင်းရင်းသားများ ဖယ်ဒရယ် ကောင်စီ အပါအဝင် သက်ဆိုင်ရာ အဖွဲ့များအားလုံးဖြင့် တွေ့ဆုံ ဆွေးနွေးရန် ဆန္ဒရှိသော်လည်း၊ အစိုးရအနေဖြင့် လက်နက်ကိုင် အဖွဲ့များအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ကိစ္စရပ်များကို ဖြေရှင်းရန် အဆင့်မြင့် နိုင်ငံရေး ဆွေးနွေးပွဲများ မကျင်းပမီ လက်နက်စွန့်ရန် နှင့် တရားဝင် နိုင်ငံရေးပါတီများ အဖြစ် ရပ်တည်ရန် တောင်းဆိုနေဆဲ ဖြစ်သည်။ လက်နက်ကိုင် အဖွဲ့အစည်းများ ဘက်ကလည်း ပင်မ နိုင်ငံရေး ပြသနာများကို ဖြေရှင်းရန် တစ်ဖွဲ့ချင်း မဟုတ်ဘဲ၊ အဖွဲ့အားလုံးပါဝင်သည့် ပူးတွဲ အစည်းအဝေးများ ကျင်းပရန် တောင်းဆိုခဲ့သည်။

တစ်ဖွဲ့ချင်းစီ ဆွေးနွေးပွဲများ ကျင်းပသည့် မဟာဗျူဟာသည် အောင်မြင်ခဲ့သော်လည်း၊ အစိုးရ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးပါဝင်သည့် ပူးတွဲ ဆွေးနွေးပွဲများ ကျင်းပရန် ခိုင်လုံသည့် လက်တွေ့ အကြောင်းပြချက် ရှိလေသည်။ သင့်တော်သည့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် သဘောတူညီချက်များဖြင့် တိုင်းရင်းသား လူမျိုးတစ်မျိုး နှင့် သက်ဆိုင်သည အချို့သော ပြသနာများကို အုပ်စု တစ်အုပ်စုချင်းစီ ဆွေးနွေးဖြေရှင်း သွားနိုင်သည်။ သို့သော်လည်း တိုင်းရင်းသားများ နှင့် နိုင်ငံတစ်နိုင်ငံလုံး ရင်ဆိုင်နေရသည့် ပင်မ နိုင်ငံရေး၊ လူမှုရေး နှင့် စီးပွါးရေး ပြသနာများကိုတော့ ပြည်ထောင်စု အဆင့် မူဝါဒ ချမှတ်ခြင်းဖြင့်သာ ဖြေရှင်းနိုင်လိမ့်မည်။ အမှန်စင်စစ် လက်နက်ကိုင် တစ်ဖွဲ့ချင်းစီဖြင့် သို့မဟုတ် ရပ်ရွာအဖွဲ့အစည်း တခုချင်းစီဖြင့် အလွတ်သဘော သဘောတူညီချက်များ ချုပ်ဆိုခြင်းသည် လက်တွေ့ မကျသလို၊ စီမံ ခန့်ခွဲရန်လည်း ခက်ခဲလေသည်။ အောင်မြင်ဘို့ရန်လည်း ခက်ခဲလေသည်။ နမူနာ ပြရလျှင် ဖယ်ဒရယ်စနစ် ထူထောင်ရန်၊ အာဏာကို ဒေသန္တရ အစိုးရများသို့ ခွဲဝေပေးခြင်း၊ ဘာသာစကား နှင့် သက်ဆိုင်သည့် မူဝါဒ၊ မြေယာနှင့်ဆိုင်သည့် အခွင့်အရေးများတို့ဖြင့် သက်ဆိုင်သည့် သဘောတူညီချက်များ ချမှတ်ရန်ဖြစ်သည်။ ထိုအတွက်ကြောင့် အကယ်၍ လေးနက်ပြီး အဓိပ္ပါယ် ရှိသည့် နိုင်ငံရေး သဘောတူညီချက်များ ရရှိဘို့ဆိုလျှင် အစိုးရသည် တိုင်းရင်းသား ခေါင်းဆောင်များအားလုံး နှင့် ပူးတွဲ ဆွေးနွေးရန် လိုအပ်သည်။ ထိုကဲ့သို့သော ပူးတွဲ ဆွေးနွေးပွဲများတွင် အရပ်ဘက် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မြေပေါ် နိုင်ငံရေး ပါတီများ နှင့်

စစ်ဘေးဒဏ်ခံ ရပ်ရွာအဖွဲ့အစည်းများအား ပါဝင်ခွင့် ပြုခြင်းဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပိုမို လေးနက်အောင် ဖြည့်ဆည်းပေးနိုင်လေသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရင်ဆိုင်နေရသည့် နောက်ထပ် အဓိက စိန်ခေါ်မှုကတော့ မြန်မာ့ တပ်မတော်ကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အစီအစဉ်အတိုင်း လိုက်နာရန် ဖြစ်ပြီး၊ ကချင် နှင့် ရှမ်းပြည်နယ်များတွင် လက်နက်ကိုင် ပဋိပက္ခ အဆုံးသတ်ရန် ဖြစ်သည်။ အဖြေ အပြည့်အစုံ မပေးနိုင်သော်လည်း လေးနက်ပြီး အဓိပ္ပါယ်ရှိသည့် နိုင်ငံရေး စကားဝိုင်းများ ကျင်းပခြင်းဖြင့် အစိုးရသည် ကေအိုင်အို၏ တောင်းဆိုမှု တခုဖြစ်သည့် အပစ်အခတ် ရပ်စဲရေးများ မပြုလုပ်ခင် လေးနက်ပြီး အဓိပ္ပါယ်ရှိသည့် နိုင်ငံရေး သဘောတူညီချက် ချမှတ်ရန်ဆိုသည့် တောင်းဆိုမှုကို ဖြည့်ဆီးနိုင်မည် ဖြစ်သည်။

## သဘောတူညီချက် မူဘောင် ချမှတ်ရန်။

မကြာသေးမီ အချိန်ထိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် အစိုးရ၏ အစီအစဉ်များသာ ဖြစ်ပြီး၊ အခြား ဆက်စပ်ပတ်သက်နေသူများမှ ယင်းအစီအစဉ်များအား တုန့်ပြန်ခဲ့ကျသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား အခြား ငြိမ်းချမ်းရေးဖြင့် ဆက်စပ်ပတ်သက်နေသူများ၏ ရပ်တည်ချက်များကို ရှင်းလင်းပြတ်သားစွာ ထည့်သွင်း၍ မူဘောင် ချမှတ်ရန် အရေးကြီးလေသည်။ လက်နက်ကိုင် အဖွဲ့အစည်းများ နှင် အခြား အတိုက်အခံ အဖွဲ့များသည် မည်မျှပင် ကောင်းစွာ ရေးဆွဲထားသည်ဖြစ်စေ၊ အစိုးရ တဘက်တည်းက တင်သွင်းသည့် ငြိမ်းချမ်းရေး အဖြေကို လက်ခံမည် မဟုတ်ချေ။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို လက်နက်ကိုင် အဖွဲ့များ၊ တိုင်းရင်းသား နိုင်ငံရေး နှင့် အရပ်ဘက် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၏ သဘောထား ရပ်တည်ချက်များကို ထည့်သွင်း စဉ်းစားသည့်၊ လေးစားတန်ဖိုးထားသည့် မူဘောင်အတွင်း ထည့်သွင်းရန် လိုအပ်သည်။ ယင်းအဖွဲ့အသီးသီး၏ အစစ်အမှန် သဘောထား ရပ်တည်ချက်များကို လုပ်ငန်းစဉ် ချမှတ်ရာတွင် နှင့် ဆွေးနွေးမည့် အကြောင်းအရာများကို သတ်မှတ်ရန်အတွက် ထည့်သွင်းစဉ်းစား ရမည်ဖြစ်သည်။ ရှေ့သို့ဆက်လက် လျှောက်လှမ်းနိုင်ရန်အတွက် နှစ်ဘက်စလုံးသည် ပြောင်းလွယ်ပြင်လွယ်ဖြစ်ရန် လိုအပ်သည်။ အတိုက်အခံများ၏ အချက် ၆ချက်ပါ လမ်းပြ မြေပုံတွင် အစိုးရက လက်ခံရန် အလားအလာ မရှိသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရန် တောင်းဆိုချက် ပါရှိသည်။ တချိန်တည်းမှာပင် တိုင်းရင်းသား ခေါင်းဆောင် အများအပြားက ပြောကြားနေသည့် နှစ်ပေါင်းများစွာ တိုင်းရင်းသားများ၏ တောင်းဆိုမှုဖြစ်သည့် ဖယ်ဒရယ် စနစ် တခုထူထောင်ရန်ကို၊ မြန်မာ အစိုးရ အနေဖြင့် အသိအမှတ်ပြုရန် နှင့် အပြုသဘော တုန့်ပြန်ရန်လည်း လိုအပ်သည်။ သို့မှသာ မြန်မာ့ နိုင်ငံရေး ပြဿနာများ ပြေလည်မည်ဖြစ်သည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် မဟာဗျူဟာ ချမှတ်ရာတွင် ပင်လုံ စာချုပ်ကို ရည်ညွှန်းခြင်းသည် နမိတ် ပြယုဒ် ဖြစ်လေသည်။ ရည်ညွှန်းသည်မှာ တိုင်းရင်းသား ပဋိပက္ခများကို ဖြေရှင်းရန် လေးနက်၍ အဓိပ္ပါယ်ရှိသည့် ဆွေးနွေးမှု လိုအပ်သည် ဆိုသည်ကို ဖြစ်သည်။ ပဋိပက္ခများကို ဖြစ်ပေါ်စေသည့် အခြေခံ အကြောင်းရင်းများကို ဖြေရှင်းဘို့ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ

ကိစ္စလည်း ပါလာမည်ဖြစ်ပြီး၊ ယင်းကို ပြင်ဆင်ရေးပါ ပါလာနိုင်လေသည်။ နောက်ထပ် အဓိကကျသည့် အကြောင်းအရာ တခုကတော့ လုံခြုံရေး ကဏ္ဍ ပြုပြင်ပြောင်းလဲရေး ဖြစ်သည်။ ပဋိပက္ခလွန်ကာလတွင် မြန်မာ့ တပ်မတော် နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ မည်သည့် အခန်းကဏ္ဍတွင် ရှိမည်ဆိုသည်ကို မဖြေရှင်းဘဲ၊ ပြည်သူအများက ယုံကြည်မှုရှိသည့် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တခုကို ဖော်ဆောင်ရန် ခက်ခဲလိမ့်မည် ဖြစ်သည်။ တိုင်းရင်းသားများ အတွင်း ယုံကြည်မှု တည်ဆောက်ရန် လိုအပ်သည် (တိုင်းရင်းသား လူမျိုးတစ်မျိုး အတွင်း၊ တိုင်းရင်းသား လူမျိုးများ အချင်းချင်း အကြား နှင့် တိုင်းရင်းသား လူနည်းစုများ နှင့် မြန်မာများအကြား)။ အလားတူပင် မတူကွဲပြားသည့် ဘာသာရေး အုပ်စုဝင်များ အကြား ယုံကြည်မှု တည်ဆောက်ရန် လိုအပ်သလို၊ နိုင်ငံတော် နှင့် လူ့အဖွဲ့အစည်း အကြားတွင်လည်း (အထူးသဖြင့် အရပ်သားများ နှင့် တပ်မတော် အကြား) တည်ဆောက်ရန် လိုအပ်သည်။

မြန်မာ့ တပ်မတော်နှင့် ပတ်သက်လျှင်၊ ချမှတ်သင့်သည့် မဟာဗျူဟာသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တပ်မတော် ပါဝင်လာရန် ဖြစ်သည်။ အတူတကွ ရင်းနှီးစွာ ဆက်ဆံနိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးရန် ဖြစ်သသည် (ဥပမာ ပဋိပက္ခနှင့် ပတ်သက်ပြီး တိုက်ရိုက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခြင်းမျိုး မဟုတ်ဘဲ၊ လေ့လာရေး ခရီးများ အတူတကွ သွားရောက်ခြင်း၊ သင်တန်းများ အတူတကွ တက်ရောက်ခြင်းဖြင့် ဆက်စပ်သည့် အခြေအနေများတွင် အပြန်အလှန် ဆက်ဆံရေးများကို တိုးမြှင့်ပေးရန်)။ ယုံကြည်မှုကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသို့ နိုင်ငံတကာ လေ့လာသူများအား တက်ရောက်ခွင့်ပြုခြင်း နှင့် ကြားနေ (နိုင်ငံတကာ) အဖွဲ့တစ်ဖွဲ့ကို ငြိမ်းချမ်းရေး သဘောတူညီချက်များကို စောင့်ကြပ်ကြည့်ရှုခွင့် ပြုခြင်းတို့ဖြင့် တည်ဆောက်နိုင်လေသည်။

အထက်တွင် ဖော်ပြခဲ့သလို လက်နက်ကိုင် အဖွဲ့အစည်းများသည် အဓိက ဇာတ်ဆောင်များ ဖြစ်နေသော်လည်း၊ အခြား ဆက်စပ်ပတ်သက်သူများကိုလည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွင်းသို့ ခေါ်ဆောင်လာရမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်ရန် အဆင့်များစွာပါဝင်သည့် ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ် လိုအပ်သည်။ အကြံပြုထားသည့် ရှေ့လမ်းစဉ်မှာ သဘောတူညီချက် မူဘောင်တစ်ခုကို ရေးဆွဲချမှတ်ရန် ဖြစ်လေသည်။ ယင်းမူဘောင်ကို ဆွေးနွေးညှိနှိုင်းမှုများ၏ လုပ်ထုံးလုပ်နည်းဖြင့် သဘောထားပြီး၊ မတူညီသည့် ဆက်စပ် ပတ်သက်သူများသည် ယင်းတို့ သဘောတူညီနိုင်သည့် အဆင့်များ နှင့် သဘောမတူနိုင်သည့် အဆင့်များကို လေ့လာသုံးသပ်နိုင်လေသည်။ နှစ်ဘက် အကျိုးစီးပွါး တူညီသည့် ဘုံဆုံချက် ကိုလည်း အလျင်အမြန် ရှာဖွေခြင်းထက် ပိုမို ကောင်းမွန်လေသည်။ နိုင်ငံတော် နှင့် လူ့အဖွဲ့အစည်း အကြား ကြီးမားသည့် ကွာခြားချက်များ နှင့် လက်နက်ကိုင် ပဋိပက္ခသည် လွယ်ကူစွာ ဖြေရှင်းနိုင်သည့် အရာများတော့ မဟုတ်ချေ။ မူဘောင် သတ်မှတ်ထားသည့် သဘောတူညီချက်ကို အသုံးပြုပြီး ပြဿနာများကို လေ့လာသုံးသပ်နိုင်လေသည်။ လျင်မြန်စွာ အဖြေရှာခြင်းထက် ပိုမို

ကောင်းမွန်း၍၊ အဖြေများသည်လည်း ရေရှည် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံး ပါဝင်သည့် ဆွေးနွေးမှုများမှသာ ပေါ်ထွက်လာနိုင်လေသည်။

အဆိုပါ သဘောတူညီချက် မူဘောက်မှသည် အစိုးရ၊ တပ်မတော် နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ (အပစ်အခတ် မရပ်စဲရသေးသည့် ကေအိုင်အိုကဲ့သို့ အဖွဲ့များလည်းပါဝင်) ပါဝင်သည့် လုပ်ငန်း ကော်မတီများ ပေါ်ပေါက်လာနိုင်လေသည်။ ထိုအထဲတွင် ထိပ်သီး အစည်းအဝေးများ နှင့် လုပ်ငန်းကော်မတီအဆင့် အစည်းအဝေးများလည်း (အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ သင်တန်းများလည်း ပါဝင်) ပါဝင်နိုင်လေသည်။ လုပ်ငန်း ကော်မတီအဆင့် အစည်းအဝေးပွဲများသည် ဆွေးနွေးမည့် အကြောင်းအရာများကို သတ်မှတ်လိမ့်မည် ဖြစ်သည်။ ဥပမာ-

- ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး (အခေါ်အဝေါ်များကို ဂရုပြုမည်ဖြစ်သည်။ ဥပမာ ဖယ်ဒရယ်)
- မြေယာဆိုင်ရာ အခွင့်အရေးများဖြင့် သက်ဆိုင်သည့် ပြဿနာများ (အသိမ်းဆည်းခံ မြေယာများအတွက် လျော်ကြေးငွေ ရပိုင်ခွင့် နှင့်/သို့မဟုတ် ပြန်လည် ရပိုင်ခွင့် သို့မဟုတ် အတင်းအကျပ် ရွှေ့ပြောင်းလုပ်သားများ စွန့်လွှတ်သွားသည့် မြေယာများအတွက် လျော်ကြေးငွေ ရပိုင်ခွင့် နှင့်/သို့မဟုတ် ပြန်လည် ရပိုင်ခွင့် အပါအဝင်)
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများ နှင့် သဘာဝ သံယံဇာတများ စီမံခန့်ခွဲရေး (ဗဟို နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား ဝင်ငွေ ခွဲဝေရေးကိစ္စ အပါအဝင်)
- ဘာသာစကားဆိုင်ရာ မူဝါဒ နှင့် ပညာရေး (အစိုးရ အုပ်ချုပ်ရေး စနစ်၊ တရားစီရင်ရေး စနစ် နှင့် ကျောင်းများတွင် လူနည်းစုများ၏ ဘာသာစကားများ၏ အဆင့်အတန်း နှင့် နိုင်ငံတော် ပြင်ပ တိုင်းရင်းသားများ၏ ပညာရေး စနစ်များ၏ အခြေအနေများ အပါအဝင်)
- တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များ ဖျက်သိမ်းရေး၊ လက်နက်စွန့်ရေး နှင့် ပြန်လည် ထူထောင်ရေး နှင့် မြန်မာ့ တပ်မတော် နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ အပါအဝင်)
- မြေမြှုပ်ဗုံးများ ဖျက်ဆီးရန် ကိစ္စ (တိုင်းရင်းသား လူမျိုးများ နေထိုင်ရာ၊ စစ်ဘေးဒဏ်ခံ ဒေသများသည် ကမ္ဘာပေါ်တွင် မြေမြှုပ်ဗုံးများ အများဆုံး တည်ရှိသည့် နေရာများ ဖြစ်သည်)
- ဒေသန္တရ နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့် အုပ်ချုပ်စီမံမှု နှင့် တရားဥပဒေ စိုးမိုးရေး (တရားစီရင်ရေးနှင့် ပတ်သက်သည့် အဖွဲ့အစည်းများကို လက်လှမ်းမီရန် ဆောင်ရွက် ရာတွင် လက်နက်ကိုင် အဖွဲ့များ နှင့် ဆက်ဆံရေးရုံးများ၏ အခန်းကဏ္ဍ နှင့် ယင်းလက်နက်ကိုင် အဖွဲ့များ အနေဖြင့် လက်ရှိ အစိုးရ နှင့် တပ် အဖွဲ့အစည်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မည်သို့ ဆက်ဆံမည်ဆိုသည် အပါအဝင်)
- နေရပ်စွန့်ခွာတိမ်းရှောင် ရသူများ နှင့် ဒုက္ခသည်များ ပြန်လည် နေရာချထားမှု (နေရပ်စွန့်ခွာတိမ်းရှောင်ရသူများ သို့မဟုတ် အခြား ရပ်ရွာ အဖွဲ့အစည်းများသည် ယခင်က

ပိုင်ဆိုင်သူ ရှိပြီးသား နေရာများတွင်၊ ပိုင်ရှင်များနေရပ်စွန့်ခွာတိမ်းရှောင် ရသည့်အချိန်တွင် ဝင်ရောက် နေထိုင်မှုများ အပါအဝင်)

- စီးပွါးရေး ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးခြင်း နှင့် သက်မွေးဝမ်းကြောင်း သင်တန်းများ

အဆိုပါ နည်းလမ်းသည် အစိုးရအား လက်နက်ကိုင် အဖွဲ့အစည်းများဖြင့် ပူးတွဲ ဆွေးနွေးနိုင်သလို၊ အကယ်၍ မည်သည့်အချိန်တွင် မည်သို့ တရားဝင် ညီညွတ်သော တိုင်းရင်းသားများ ဖယ်ဒရယ် ကောင်စီဖြင့် ဆွေးနွေးမည်ဆိုသည့် အချက်ကို ပြောင်းလွယ်ပြင်လွယ် ထားနိုင်လေသည်။

အထက်တွင် တင်ပြခဲ့သည့် အကြောင်းအရာများက အဓိက စိုးရိမ် ပူပန်မှု တစ်ခုကို ပေါ်ပေါက်လာစေသည်။ ယင်းမှာ လက်နက်ကိုင် အဖွဲ့အစည်းများ၏ အစိုးရ ပုံစံ အုပ်ချုပ်ရေး အဖွဲ့အစည်းများ နှင့် နိုင်ငံတော် အဖွဲ့အစည်းများအကြား (ဥပမာ ကေအန်ယူ၏ မြေယာ မှတ်ပုံတင်ဌာန၊ ပညာရေး၊ ကျန်းမာရေး အဖွဲ့များ-အချို့အဖွဲ့များကို ထူထောင်ထားသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်) မည်သို့သော ဆက်ဆံရေးကို တည်ဆောက်ပြီး၊ မည်သို့ လက်တွဲ လုပ်ဆောင်သွားမည် ဆိုသည်ကို ဖြစ်သည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသည် ပိုမိုပြီး ထင်ရှားစွာ နိုင်ငံရေးနှင့် သက်ဆိုင်သည့် အဆင့်သို့ ရောက်ရှိသည့် အခါတွင် ဒေသန္တရ အုပ်ချုပ်စီမံမှု ကိစ္စရပ်များကို ထည့်သွင်းရမည် ဖြစ်သည်။

လုပ်ငန်း ကော်မတီသည် အဆိုပါ ကိစ္စရပ်များကို လေ့လာသုံးသပ်ရန် အတိုင်ပင်ခံ အစည်းအဝေးပွဲများစွာကို ကျင်းပမည် ဖြစ်သည်။ ထိုသို့ ကျင်းပရခြင်း၏ ရည်ရွယ်ချက် တခုမှာတော့ တိုင်းရင်းသားများ၏ နစ်နာချက်များ နှင့် စိုးရိမ်ပူပန်မှုများကို လူများစုက သိရှိရန် ဖြစ်ပြီး၊ ဗမာ လူများစုများ၏ စိုးရိမ် ပူပန်မှုများကိုလည်း တိုင်းရင်းသားများ နားလည်စေရန် ဖြစ်သည်။ ညှိနှိုင်းဆွေးနွေးပွဲများတွင် လူများစု ကိုယ်စားလှယ်များ နှင့် တိုင်းရင်းသားများ၏ အရပ်ဘက် နှင့် နိုင်ငံရေး အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကွန်ရက်များ အပါအဝင် ကျယ်ပြန့်သည့် အကြံပြု တင်ပြချက်များကို တောင်းခံသင့်လေသည်။ ဤအဆင့်ပြီးလျှင် ပိုမို အလုပ်သဘော ညီလာခံများ ကျင်းပခြင်း ပြုလုပ်ရမည်။ ထိုညီလာခံများတွင် လုပ်ငန်း ကော်မတီ၏ အစီရင်ခံစာများကို အများပြည်သူ လေ့လာ ဆွေးနွေးနိုင်ရန် တင်ပြမည် ဖြစ်သည်။ ပူးတွဲ ကော်မရှင် တခုကို လုပ်ငန်း ကော်မတီများ၏ တွေ့ရှိချက်များကို ထည့်သွင်းနိုင်ရန် ထူထောင်နိုင်လေသည်။ လိုအပ်လျှင် အဆိုပါ ကော်မရှင်သည် ဖွဲ့စည်းပုံကို ပြင်ဆင်ရန် အကြံပြုနိုင်သလို၊ အခြား သင့်တင့်သည့် နည်းဥပဒေ နှင့် အကောင်အထည် ဖေါ်ဆောင်ရေးဆိုင်ရာ လုပ်ဆောင်ရန် လိုအပ်သည်များကိုလည်း အကြံပြုနိုင်လေသည်။ နောက်ဆုံးအဆင့်တွင် ပင်လုံညီလာခံသစ်ကြီးကို ထိုအကြံပြု တင်ပြထားသည့် အစီအစဉ် များကို ထောက်ခံ အတည်ပြုရန် ကျင်းပနိုင်သည်။ နောက်ဆက်တွဲ အနေဖြင့် လွှတ်တော်ကလည်း ယင်းအစီအစဉ်များကို ထပ်လောင်း ထောက်ခံ အတည်ပြုမည် ဖြစ်သည်။

# ကျမ်းကိုး


Central Intelligence Agency (CIA). "The World Factbook." Accessed 4-10-2012: https://www.cia.gov/library/publications/the-world-factbook/geos/countrytemplate_bm.html.

de Waal, Alex. 2009. Protecting Civilians in Fragile States. Paper read at Presentation to Oxfam-Novib, 21 September, at The Hague.

Duffield, Mark. 2008. "On the Edge of 'No Man's Land': Chronic Emergency in Myanmar [Working Paper 1 - independent report commissioned by the Office of the UN RC/HC, Yangon and UNOCHA, New York]". Centre for Governance and International Affairs, University of Bristol.

Goodhand, Jonathon. 2006. *Aiding Peace? The role of NGOs in armed conflict*. London: Lynne Rienner.

Horstmann, Alexander. 2011. "Humanitarian Crisis, Religious Nationalism, and Religious Competition: Buddhist and Christian Karen in the Thai–Burmese Borderland". *Encounters. International Journal for the Study of Culture and Society* 4: 191-213.

Houtman, Gustaaf. 1999. "Mental Culture in Burmese Crisis Politics: Aung san Suu Kyi and the National League for Democracy". *Monograph Series 33*. Tokyo University of Foreign Studies, Institute for the Study of Languages and Cultures of Asia and Africa. Tokyo.

Human Rights Watch. 2012. *Untold Miseries: Wartime Abuses and Forced Displacement in Burma's Kachin State*. Human Rights Watch. http://www.hrw.org/sites/default/files/reports/burma0312ForUpload_1.pdf.

International Crisis Group. 2012. "Reform in Myanmar: One Year On". *Asia Briefing No.136*. Jakarta/Brussels.

Keen, David. 2008. *Complex Emergencies*. Cambridge: Polity Press.

Kramer, Tom. 2007. "The United Wa State Party: Narco-army or Ethnic Nationalist Party? ". *Policy Studies 38*. East-West Center. Washington, DC.

Lall, Marie and Ashley South. in press. "Comparing models of non-state ethnic education in Myanmar: the Mon and Karen national education regimes". *Journal of Contemporary Asia*.

Rieff, David. 2002. *A Bed for the Night: Humanitarianism in Crisis*. London: Vintage.

Roberts, Christopher. 2010. *ASEAN's Myanmar Crisis: challenges and the pursuit of the security community*. Singapore: Institute of South East Asian Studies.

Robinne, François and Mandy Sadan. 2007. "Social Dynamics in the Highlands of Southeast Asia: reconsidering Political Systems of Highland Burma". In *Brill Handbook of Oriental Studies Section 3*, edited by E.R Leach.

Sadan, Mandy. 2013. *Being & Becoming Kachin: Histories Beyond the State in the Borderworlds of Burma*. Oxford: Oxford University Press. (British Academy Postdoctoral Fellowships Monographs) (In Press). 34 | Prospects for Peace in Myanmar: Opportunities and Threats

Slim, Hugo. 2007. *Killing Civilians: method, madness and morality in war*. London: Hurst.
Smith, Martin. 1999. *Burma: insurgency and the politics of ethnicity*. 2 ed. London: Zed Books.

South, Ashley. 2008. *Ethnic Politics in Burma: states of conflict*. London: Routledge.

South, Ashley. 2011 . "Burma's Longest War: anatomy of the Karen conflict". Transnational Institute. Burma Centre Netherlands. Amsterdam.

South, Ashley. 2012. "The Politics of Protection in Burma". *Critical Asian Studies* 44 (2): 175-204.

Taylor, Robert. 1982. "Perceptions of Ethnicity in the Politics of Burma". *Southeast Asian Journal of Social Science* 10 (1): 7-22.

Terry, Fiona. 2002. *Condemned to Repeat? The paradox of humanitarian action*. Ithaca: Cornell University Press.

Thailand Burma Border Consortium. 2012. "Program Report 2012: January to June". Bangkok.

Thant Myint U. 2011. *Where China meets India: Burma and the new crossroads of Asia* New York: Farrar, Straus and Giroux.

The Border Consortium. 2012. "Changing Realities, poverty and displacement in South East Burma/Myanmar". Bangkok.

Törnquist, Olle, Prasetyo, Adi, Birks, Stanley & Teresa (eds). 2012 (2nd edition). *Aceh: The Role of Democracy for Peace and Reconstruction*. PCD Press.

Transnational Institute. 2012. "Burma at the Crossroads: Maintaining the Momentum for Reform". *Burma Policy Briefing No.9*. Burma Centrum Nederland. Amsterdam.

Walton, Matthew. 2008. "Ethnicity, Conflict, and History in Burma: The Myths of Panglong", *Asian Survey* 48,6: 889-910

## News Sources Cited

- The New Light of Myanmar
- The Irrawaddy
- Shan Herald Agency for News

# လက်နက်ကိုင် အဖွဲ့အစည်းများ စာရင်း

| **အတိုကောက်** | **အမည် အပြည့်အစုံ** | **လက်နက်ကိုင်တပ် အမည်** | **အပစ်အခတ် ရပ်စဲသည့်နှစ်** |
|---|---|---|---|
| အေဘီအက်စ်ဒီအက်ဖ် | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး | | |
| အေအယ်လ်ပီ | ရခိုင် လွတ်မြောက်ရေး ပါတီ | ရခိုင် လွတ်မြောက်ရေး တပ်မတော် (အေလယ်အေ) | ၂၀၁၂ခုနှစ် ဧပြီလ ၅ရက် |
| အေအန်စီ | ရခိုင်  အမျိုးသား ကောင်စီ | ရခိုင် တပ်မတော် (အေအေ) အေအန်စီ အဖွဲ့ဝင် | |
| စီအန်အက်ဖ် | ချင်းအမျိုးသား တပ်ဦး | ချင်း အမျိုးသား တပ်မတော် | ၂၀၁၂ခုနှစ် ဇန်နဝါရီလ ၆ရက် |
| အိတ်ချ်အာပီ | Hongwawatoi Restoration Party | | |
| ကေအိုင်အို | ကချင် လွတ်မြောက်ရေး အဖွဲ့ | ကချင် လွတ်မြောက်ရေး တပ်မတော်(ကေအိုင်အေ) | (၁၉၉၄-၂၀၁၁) |
| ကေကေအို | ကလိုထူးဘော ကရင် အဖွဲ့ | ဒီမိုကရက်တစ် ကရင် ဗုဒ္ဓဘာသာ တပ်မတော် (ဒီကေဘီအေ) | (၁၉၉၄-၂၀၁၀) ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၃ရက် |
| ကေအန်အယ်လ်ပီ | ကယန်း ပြည်သစ် ပါတီ | ကယန်း ပြည်သစ် တပ်မတော် (ကေအန်အယ်လ်အေ) | |
| ကေအန်ပီပီ | ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ | ကရင်နီ တပ်မတော် | ၂၀၁၂ခုနှစ် မတ်လ ၇ရက် |
| ကေအန်ယူ | ကရင် အမျိုးသား အစည်းအရုံး | ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော် (ကေအန်အယ်လ်အေ) | ၂၀၁၂ခုနှစ် ဇန်နဝါရီလ ၁၂ရက် |
| ကေပီစီ | ကရင် ငြိမ်းချမ်းရေး ကောင်စီ | ကေအန်ယူ/ကရင် ငြိမ်းချမ်းရေး ကောင်စီ | ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ ၇ရက် |
| | ဒီမိုကရက်တစ် | | ၁၉၈၉ |

| | | | |
|---|---|---|---|
| အန်ဒီအေအေ/အီးအီးအက်စ် | တိုင်းရင်းသားများ မဟာမိတ် တပ်မတော်/ရှမ်းပြည် အရှေ့ခြမ်း (မိုင်းလား) | | စက်တင်ဘာလ ၇ရက်-၂၀၁၁ခုနှစ် |
| အန်အမ်အက်စ်ပီ | မွန်ပြည်သစ် ပါတီ | မွန်အမျိုးသား လွတ်မြောက်ရေး တပ်မတော် | ၁၉၉၅ခုနှစ် ဖေဖော်ဝါရီလ ၁ရက်-၂၀၁၂ |
| အန်အန်စီ | နာဂ အမျိုးသား ကောင်စီ | | |
| အန်အက်စ်စီအန်-ကေ | နာဂပြည် အမျိုးသား ဆိုရှယ်လစ် ကောင်စီ- ကပ်ပလန်း အုပ်စု | | ၂၀၁၂ခုနှစ် ဧပြီလ ၉ရက် |
| ပီအန်လယ်လ်အို | ပအိုဝ့် အမျိုးသား လွတ်မြောက်ရေး အဖွဲ့ | ပအိုဝ့် အမျိုးသား လွတ်မြောက်ရေး တပ်မတော် (ပီအန်လယ်လ်အေ) | ၂၀၁၂ခုနှစ် ဩဂုတ်လ ၂၅ရက် |
| ပီအက်စ်လယ်လ်အက်ဖ် | ပလောင်ပြည် လွတ်မြောက်ရေး တပ်ဦး | တီအန်လယ်လ်အေ (တအန်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်) | |
| အာစီအက်စ်အက်စ် | ရှမ်းပြည် ပြန်လည် ထူထောင်ရေး ကောင်စီ | ရှမ်းပြည် တောင်ပိုင်း တပ်မတော် (အက်စ်အက်စ်အေ- တောင်ပိုင်း) | ၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၂ရက် |
| အက်စ်အက်စ်အန်ပီလယ်လ်အို | ရှမ်းပြည် တိုင်းရင်းသား ပြည်သူများ လွတ်မြောက်ရေး အဖွဲ့ | | |
| အက်စ်အက်စ်ပီပီ | ရှမ်းပြည် တိုးတက်ရေး ပါတီ | ရှမ်းပြည် မြောက်ပိုင်း တပ်မတော် (အက်စ်အက်စ်အေ- မြောက်ပိုင်း) | ၂၀၁၂ခုနှစ် ဇန်နဝါရီလ ၂၈ရက် |
| ယူဒဗလ်ယူအက်စ်ပီ | ဝပြည် သွေးစည်း ညီညွတ်ရေး ပါတီ | ဝပြည် သွေးစည်း ညီညွတ်ရေး တပ်မတော် | ၁၉၈၉ခုနှစ် စက်တင်ဘာလ ၆ရက်-၂၀၁၁ |
| ဒဗလ်ယူအန်အို | ဝအမျိုးသားများ အဖွဲ့ | ဝအမျိုးသား တပ်မတော် | |

## အစိုးရ ထိန်းချုပ်ထားသည့် နယ်ခြားစောင့်တပ်များ အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည့် ယခင် လက်နက်ကိုင် အဖွဲ့အစည်းများ

| | |
|---|---|
| ဒီကေဘီအေ | ဒီမိုကရက်တစ် ကရင် ဗုဒ္ဓဘာသာ တပ်မတော် (အချို့သော တပ်ဖွဲ့များသာ) |
| ကေဒီအေ | ကချင် ကာကွယ်ရေး တပ်မတော် |
| ကေအန်ဒီအေ | ကရင်နီ အမျိုးသား ကာကွယ်ရေး တပ်မတော် |
| ကေအန်ဂျီ | ကယမ်း အမျိုးသား တပ်မတော် |
| ကေအန်ပီအယ်လ်အက်ဖ် | ကရင်နီ အမျိုးသားများ လွတ်မြောက်ရေး တပ်ဦး |
| ကေပီအက်ဖ် | ကရင် ငြိမ်းချမ်းရေး တပ်ဖွဲ့ |
| လယ်လ်အေဒဗလ်ယူပီဂျီ | လဆန်းအော် ဝ ငြိမ်းချမ်းရေး အဖွဲ့ |
| အမ်အေအမ်ဒီ | မွန်တပ်မတော် (မြိတ်ခရိုင်) |
| အမ်အန်ဒီအေအေ | မွန်အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် |
| အန်ဒီအေ-ကေ | ဒီမိုကရက်တစ် ပါတီသစ်-ကချင် |
| ပီအန်အို | ပအိုဝ့်အမျိုးသားအဖွဲ့ |

**စာရင်းတွင် ထည့်သွင်းမထားသော အဖွဲ့များ**

- အမည်ပေးမထားသည့် အစိုးရ ကျောထောက်နောက်ခံ ပြည်သူ့စစ် အဖွဲ့များ (ဥပမာ ရှမ်းပြည် တောင်ပိုင်းတွင် လီယန်စိုင်း ဦးဆောင်သည့် မာကီးယန်း ပီအမ်အက်ဖ်)
- အခြား လက်နက်ကိုင် တပ်ဖွဲ့များဖြင့် ပူးပေါင်းသွားသော လက်နက်ကိုင် အဖွဲ့များ (ဥပမာ ရှမ်းပြည် အမျိုးသား တပ်မတော်သည် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီဖြင့် ပူးပေါင်းသွားခဲ့သည်)

# Prospects for Peace in Myanmar: Opportunities and Threats

This paper examines the peace process in Myanmar from the perspectives of the Myanmar government and Army, and non-state armed groups, as well as ethnic nationality political and civil society actors and conflict affected communities. It argues that this is the best opportunity to resolve ethnic conflicts in the country since the military coup of 1962. However, the peace process will not ultimately succeed unless the government demonstrates a commitment to engage on the political issues which have long structured armed conflicts in Myanmar, and can also bring fighting to an end in Kachin and Shan States.

The paper sketches different - sometimes contested - positions regarding the peace process in Myanmar, on the part of different ethnic actors, and analyses their strategies. It goes on to describe and discuss some of the winners and losers in the peace process. The paper argues that, in order to build a sustainable and deep-rooted peace process, it is necessary to involve conflict-affected communities and civil society organisations and above-ground ethnic political parties; it is also necessary to re-imagine peace and conflict in Myanmar as issues affecting the whole of society, including the Burman majority. The paper concludes by sketching a ‘framework agreement’, by which the government and representatives of minority communities could move onto a substantial political discourse.

Ashley South

PRIO

This *PRIO Paper* is also available in English: ISBN 978-82-7288-471-9